မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် ( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၄/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပြဋ္ဌာန်းချက်ထုတ်ပြန်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ သက်ဆိုင်ရာပညာရပ်ဖြင့် နိုင်ငံတော်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုကြသည့် ပုဂ္ဂိုလ်များအားလည်းကောင်း ဂုဏ်ပြုချီးမြှင့်နိုင်ရန်အလို့ငှာ အောက်ဖော်ပြပါ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၅ (က) တွင် “နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းပြုနိုင်သည်” ဟု ပြဋ္ဌာန်းထားသဖြင့် ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်တွင် ဖြည့်စွက်ပြဋ္ဌာန်းရခြင်းဖြစ်ပါသည် -

(က) **စီမံထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်**

(ခ) **လူမှုထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်**

(ဂ) **စီးပွားထူးချွန်တံဆိပ်**

(၁) လယ်ယာစီးပွားထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၂) စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၃) ကုန်သွယ်စီးပွားထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၄) ဝန်ဆောင်စီးပွားထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(ဃ) **ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်**

(၁) သိပ္ပံပညာထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၂) ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၃) ဆေးပညာထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၄) နည်းပညာထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၅) အနုပညာထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၆) စာပေပညာထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

၂။ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ချီးမြှင့်ခံထိုက်သည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းသတ်မှတ်ချက်၊ သက်ဆိုင်ရာတံဆိပ်အသီးသီး၏ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရောင်အသွေး၊ တံဆိပ်ပါအမှတ်အသားများ၏အဓိပ္ပာယ်ဖော်ဆောင်ချက်၊ အဆင့်ဆင့် ထောက်ခံတင်ပြရန်နည်းလမ်း၊ ဂုဏ်ပြုစာလွှာနှင့် ချီးမြှင့်ငွေ စသည်တို့နှင့်စပ်လျဉ်း၍ ပူးတွဲပါ ဂုဏ်ထူးဆောင် ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ဖြည့်စွက်ပြဋ္ဌာန်းချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထုတ်ပြန်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပူးတွဲ**

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပြဋ္ဌာန်းချက်**

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် အဖြစ် တည်ဆောက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ သက်ဆိုင်ရာပညာရပ်ဖြင့် နိုင်ငံတော်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုကြသည့် ပုဂ္ဂိုလ်များအားလည်းကောင်း ဂုဏ်ပြုချီးမြှင့်နိုင်ရန်အတွက် ၂၀၀၉ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။

**အခန်း (၁)**

**အမည်**

၁။ ဤပြဋ္ဌာန်းချက်ကို **ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက် ပြဋ္ဌာန်းချက်**ဟု ခေါ်တွင်စေရမည်။

**အခန်း (၂)**

**ချီးမြှင့်အပ်နှင်းရန်သတ်မှတ်သည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များနှင့်အဆင့်များ**

၂။ ဤပြဋ္ဌာန်းချက်အရ ချီးမြှင့်အပ်နှင်းမည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည် -

(က) **စီမံထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်**

(ခ) **လူမှုထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်**

(ဂ) **စီးပွားထူးချွန်တံဆိပ်**

(၁) လယ်ယာစီးပွားထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၂) စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၃) ကုန်သွယ်စီးပွားထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၄) ဝန်ဆောင်စီးပွားထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(ဃ) **ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်**

(၁) သိပ္ပံပညာထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၂) ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၃) ဆေးပညာထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၄) နည်းပညာထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၅) အနုပညာထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

(၆) စာပေပညာထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ဆင့်

## အခန်း (၃)

## စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ အရည်အချင်းများ

၃။ ဤပြဋ္ဌာန်းချက်အရ ချီးမြှင့်အပ်နှင်းမည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **စီမံထူးချွန်တံဆိပ်။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုးတက်ဖွံ့ဖြိုးမှုအတွက်လည်းကောင်း၊ နိုင်ငံတော်အတွက် ထူးကဲကောင်းမွန်စွာဆောင်ရွက်ခြင်းအတွက်လည်းကောင်း စွမ်းစွမ်းတမံ ထူးခြားစွာ ကြိုးပမ်းဆောင်ရွက်သည့်ပုဂ္ဂိုလ်အား ချီးမြှင့်အပ်နှင်းမည့် **စီမံထူးချွန်တံဆိပ်** အတွက် ပြည့်စုံရမည့် အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေသူဖြစ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်ခြင်း၊ လူအများ၏ ကြည်ညိုလေးစားမှုကို ခံရသူဖြစ်ခြင်း၊ နိုင်ငံ့အကျိုးကို ဦးစားပေးဆောင်ရွက်သူဖြစ်ခြင်း၊

(၂) နိုင်ငံတော်တည်ဆောက်ရေးအတွက် ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာမူများ၊ လမ်းညွှန်မှုများကို စံပြုလောက်အောင် လိုက်နာကျင့်သုံးခြင်း၊ အဖွဲ့အစည်းတစ်ရပ်ရပ်တွင် သစ္စာရှိရှိ ဖွဲ့လုံ့လဝီရိယဖြင့် ထူးချွန်စွာ တာဝန်ခံဆောင်ရွက်ခြင်း၊

(၃) သက်ဆိုင်ရာလုပ်ငန်းများတွင် ကျွမ်းကျင်နှံ့စပ်မှုရှိ၍ စီမံခန့်ခွဲရေးပိုင်းတွင် ထူးချွန်မှုရှိခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို စံပြုလောက်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၄) စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်ပိုင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းစသည်များကို ထိန်းသိမ်းလိုက်နာ ကျင့်သုံးရာတွင် စံပြုဖြစ်ခြင်း။

(ခ) **လူမှုထူးချွန်တံဆိပ်။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် အတွက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ခြင်း၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်ကြိုးပမ်းခြင်း၊ လူမှုရေးလုပ်ငန်းအရပ်ရပ်တွင် စံပြုလောက်အောင်

စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်သည့် ပုဂ္ဂိုလ်အား ချီးမြှင့်အပ်နှင်းမည့် **လူမှုထူးချွန်တံဆိပ်**အတွက် ပြည့်စုံရမည့် အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေသူဖြစ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်ခြင်း၊ လူအများ၏ ကြည်ညိုလေးစားမှုကို ခံရသူဖြစ်ခြင်း၊ နိုင်ငံ့အကျိုးကို ဦးစားပေးဆောင်ရွက်သူဖြစ်ခြင်း၊

(၂) နိုင်ငံတော်တည်ဆောက်ရေးအတွက် ချမှတ်ထားသော လူမှုရေးဆိုင်ရာမူများ၊ လမ်းညွှန်မှုများကို စံပြုလောက်အောင် လိုက်နာကျင့်သုံးခြင်း၊

(၃) ပြည်သူများအား ဗဟုသုတပွားများစေရေး၊ မှန်ကန်သည့် အတွေးအခေါ် ပြောင်းလဲစေရေးတို့အတွက် မိမိ၏အသိပညာ၊ အတတ်ပညာများဖြင့် ထူးချွန်စွာ ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၄) ပြည်သူတို့၏ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုတို့တွင် ဂုဏ်ပြုလောက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ လူမှုရေးဆိုင်ရာလုပ်ငန်းတစ်ရပ်ရပ်ကို စံပြုလောက်အောင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခြင်း။

(ဂ) **လယ်ယာစီးပွားထူးချွန်တံဆိပ်။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍအသီးသီးတို့၌ စွမ်းဆောင်မှုအရည်အချင်းပြည့်ဝစွာဖြင့် ဘက်စုံထူးကဲစွာ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်အား ချီးမြှင့်အပ်နှင်းမည့် **လယ်ယာစီးပွားထူးချွန်တံဆိပ်**အတွက် ပြည့်စုံရမည့် အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေသူဖြစ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်ခြင်း၊ လူအများ၏ ကြည်ညိုလေးစားမှုကို ခံရသူဖြစ်ခြင်း၊ နိုင်ငံ့အကျိုးကို ဦးစားပေးဆောင်ရွက်သူဖြစ်ခြင်း၊

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ထုတ်လုပ်မှုတွင် မူလစီမံကိန်းလျာထားချက်ထက် မြင့်မားတိုးတက်လာစေရန် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခြင်း၊

(၃) ထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် အထောက်အကူပြုသော စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ စနစ်သစ်၊ သီးနှံမျိုးသစ်နှင့် မွေးမြူရေးဆိုင်ရာ အမည်သစ်များ ပိုးမွှားနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနည်းလမ်းသစ်စသည့် တီထွင်မှုတစ်ခုခုကို ပြုလုပ်ခြင်း၊

(၄) လယ်ယာထုတ်လုပ်မှုလုပ်ငန်းပိုင်းဆိုင်ရာနှင့် မွေးမြူရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးရာတွင် စံပြုဖြစ်ခြင်း၊

(၅) လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုလုပ်ငန်းပိုင်းတွင် ကျွမ်းကျင်နှံ့စပ်မှုရှိ၍ စီမံခန့်ခွဲရေးပိုင်းတွင် ထူးချွန်မှုရှိခြင်း။

(ဃ) **စက်မှုစီးပွားထူးချွန်တံဆိပ်။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍအသီးသီး၌ စွမ်းဆောင်မှုအရည်အချင်းပြည့်ဝစွာဖြင့် ဘက်စုံထူးကဲစွာ ဖွံ့ဖြိုးတိုးတက်မှုရှိအောင်စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်အားချီးမြှင့်အပ်နှင်းမည့် **စက်မှုစီးပွားထူးချွန်တံဆိပ်**အတွက် ပြည့်စုံရမည့်အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေသူဖြစ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်ခြင်း၊ လူအများ၏ ကြည်ညိုလေးစားမှုကို ခံရသူဖြစ်ခြင်း၊ နိုင်ငံ့အကျိုးကို ဦးစားပေးဆောင်ရွက်သူဖြစ်ခြင်း၊

(၂) စက်မှုလုပ်ငန်းများမှကုန်ထုတ်လုပ်ရာတွင် မူလလျာထားချက်ထက်မြင့်မားတိုးတက်လာစေရန် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခြင်း၊ စက်မှုကုန်ထုတ်လုပ်မှုပိုမိုတိုးတက်လာစေရန် အထောက်အကူပြုသော စက်မှုတီထွင်မှု တစ်ခုခုကို ပြုလုပ်ခြင်း၊

(၃) စက်မှုကုန်ထုတ်လုပ်မှု လုပ်ငန်းပိုင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးရာတွင် စံပြဖြစ်ခြင်း၊

(၄) စက်မှုကုန်ထုတ်လုပ်မှု လုပ်ငန်းပိုင်းတွင် ကျွမ်းကျင်နှံ့စပ်မှုရှိ၍ စီမံခန့်ခွဲရေးပိုင်းတွင် ထူးချွန်မှုရှိခြင်း။

(င) **ကုန်သွယ်စီးပွားထူးချွန်တံဆိပ်။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်တွင်းပြည်ပတွင် ကုန်စည်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှု၌ စွမ်းဆောင်မှုအရည်အချင်းပြည့်ဝစွာဖြင့် ဘက်စုံ ထူးကဲစွာ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်အား ချီးမြှင့် အပ်နှင်းမည့် **ကုန်သွယ်စီးပွားထူးချွန်တံဆိပ်**အတွက် ပြည့်စုံရမည့် အရည်အချင်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေသူဖြစ်ခြင်း၊ ကိုယ်ကျင့် တရားကောင်းမွန်သူဖြစ်ခြင်း၊ လူအများ၏ ကြည်ညိုလေးစားမှုကို ခံရသူဖြစ်ခြင်း၊ နိုင်ငံ့ အကျိုးကို ဦးစားပေးဆောင်ရွက်သူဖြစ်ခြင်း၊

(၂) နိုင်ငံတော်၏ သွင်းကုန်ထုတ်ကုန်ကဏ္ဍတွင် ပြည်တွင်းပြည်ပနှင့် ကုန်စည်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုတွင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခြင်း၊

(၃) သွင်းကုန်ထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးရာတွင် စံပြဖြစ်ခြင်း၊

(၄) နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအား ကုန်သွယ်မှုကဏ္ဍဖြင့် မြှင့်တင်ဆောင်ရွက်နိုင်မှုကြောင့် အများပြည်သူ၏ ကြည်ညိုလေးစားမှုကိုခံရပြီး ကိုယ်ကျင့်တရားကောင်းမွန်ပြည့်စုံခြင်း။

(စ) **ဝန်ဆောင်စီးပွားထူးချွန်တံဆိပ်။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်တွင်းပြည်ပ တွင် ဘက်စုံဝန်ဆောင်မှု စီးပွားရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် စွမ်းစွမ်းတမံ ထူးကဲစွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်အား ချီးမြှင့်အပ်နှင်းမည့် **ဝန်ဆောင်စီးပွားထူးချွန်တံဆိပ်** အတွက် ပြည့်စုံရမည့်အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေသူဖြစ်ခြင်း၊ ကိုယ်ကျင့် တရားကောင်းမွန်သူဖြစ်ခြင်း၊ လူအများ၏ ကြည်ညိုလေးစားမှုကို ခံရသူဖြစ်ခြင်း၊ နိုင်ငံ့ အကျိုးကို ဦးစားပေးဆောင်ရွက်သူဖြစ်ခြင်း၊

(၂) နိုင်ငံတော်၏ ဝန်ဆောင်မှုကဏ္ဍအသီးသီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်မှုထူးကဲ သာလွန်စွာ ဆောင်ရွက်နိုင်ခြင်း၊

(၃) ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးရာတွင် စံပြဖြစ်ခြင်း၊

(၄) နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအား ဝန်ဆောင်မှုကဏ္ဍဖြင့် မြှင့်တင်ဆောင်ရွက်နိုင်မှုကြောင့် အများပြည်သူ၏ ကြည်ညိုလေးစားမှုကိုခံရပြီး ကိုယ်ကျင့်တရားကောင်းမွန်ပြည့်စုံခြင်း။

(ဆ) **သိပ္ပံပညာထူးချွန်တံဆိပ်။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား သိပ္ပံပညာရပ်ဖြင့် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ အများအကျိုးဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်အားလည်းကောင်း၊ လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံပညာရပ်ဖြင့် ထူးခြားအောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့သည့်ပုဂ္ဂိုလ်အားလည်းကောင်း ချီးမြှင့်အပ်နှင်းမည့် **သိပ္ပံပညာထူးချွန်တံဆိပ်** အတွက် ပြည့်စုံရမည့် အရည်အချင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေသူဖြစ်ခြင်း၊ ကိုယ်ကျင့် တရားကောင်းမွန်သူဖြစ်ခြင်း၊ လူအများ၏ ကြည်ညိုလေးစားမှုကို ခံရသူဖြစ်ခြင်း၊ နိုင်ငံ့ အကျိုးကို ဦးစားပေးဆောင်ရွက်သူဖြစ်ခြင်း၊

(၂) သက်ဆိုင်ရာပညာရပ်ဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေအောင် ရှေ့ဆောင်ရှေ့ရွက်ပြု၍ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သည့် ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(၃) လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရိုသေသူဖြစ်ခြင်း၊

(၄) သက်ဆိုင်ရာပညာရပ်တစ်ခုခုအား နိုင်ငံတကာအဆင့်မီ ထူးချွန်စွာကြိုးပမ်းဆောင်ရွက်နိုင်သူဖြစ်ခြင်း။

(ဇ) **ဝိဇ္ဇာပညာထူးချွန်တံဆိပ်။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကျိုးစီးပွားအတွက် ဝိဇ္ဇာပညာရပ်အသီးသီးတွင် စံနမူနာပြအဖြစ် သတ်မှတ်နိုင်သော အဆင့်ရှိသည့် ဘာသာရပ်ဆိုင်ရာ ထူးချွန်ကျွမ်းကျင်သူဖြစ်ပြီး ရှေ့ဆောင်ရှေ့ရွက်ဆောင်ရွက်သည့် ပုဂ္ဂိုလ်အားလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မြှင့်တင်ဖော်ထုတ်ခြင်း၊ လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိဇ္ဇာပညာရပ်ဖြင့် ထူးခြားအောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့သည့် ပုဂ္ဂိုလ်အားလည်းကောင်း ချီးမြှင့်အပ်နှင်းမည့် **ဝိဇ္ဇာပညာထူးချွန်တံဆိပ်** အတွက် ပြည့်စုံရမည့် အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေသူဖြစ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်ခြင်း၊ လူအများ၏ ကြည်ညိုလေးစားမှုကို ခံရသူဖြစ်ခြင်း၊ နိုင်ငံ့အကျိုးကို ဦးစားပေးဆောင်ရွက်သူဖြစ်ခြင်း၊

(၂) ဝေဒပညာ၊ ဗေဒင်ကျမ်းဂန်ပညာစသည့် ဝိဇ္ဇာပညာရပ်များဖြင့် အများအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်သည့် ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(၃) ကိုးကွယ်မှုဆိုင်ရာ ဘာသာအသီးသီးဖြင့်လည်းကောင်း၊ မြန်မာစာဘာသာရပ်၊ သမိုင်းဘာသာရပ်၊ ပထဝီဘာသာရပ်စသည့် သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အသီးသီးဖြင့်လည်းကောင်း နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုအကျိုးစီးပွားကို ထင်ထင်ရှားရှားဖြစ်ပေါ်စေအောင် ရှေ့ဆောင်ရှေ့ရွက်ပြု၍ ထူးကဲစွာ ကြိုးပမ်းဆောင်ရွက်သည့်ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(၄) အတွေးအခေါ် အတွေးအမြင်ဆိုင်ရာ ဝိဇ္ဇာပညာရပ်ဖြင့် မြန်မာ့လူ့အဖွဲ့အစည်းတိုးတက်ထွန်းကားရေးအတွက် ထူးချွန်စွာ ကြိုးပမ်းဆောင်ရွက်သည့် ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(၅) အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တွေ့ရှိချက်တစ်ရပ်ရပ်ကို မြှင့်တင်ဖော်ထုတ်ခြင်းနှင့်ပညာရပ်ဆိုင်ရာတိုးတက်ဖွံ့ဖြိုးမှုအထောက်အကူပြုသည့်အသိပညာတစ်ရပ်ရပ်အားထူးထူးခြားခြားတိုင်းကျိုးပြည်ပြုဆောင်ရွက်ခဲ့သူဖြစ်ခြင်း မြှင့်တင်ဖော်ထုတ်ခြင်း။

(ဈ) **ဆေးပညာထူးချွန်တံဆိပ်။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဆေးပညာရပ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကာကွယ်မှု၊ ကုသမှုကိစ္စရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ထူးချွန်စွာတီထွင်ကြံဆပြီး ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်အားလည်းကောင်း၊ လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆေးပညာတစ်ရပ်ရပ်ဖြင့် ထူးခြားအောင်မြင်စွာ စွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်အားလည်းကောင်း ချီးမြှင့်အပ်နှင်းမည့် **ဆေးပညာထူးချွန်တံဆိပ်**အတွက် ပြည့်စုံရမည့် အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေသူဖြစ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်ခြင်း၊ လူအများ၏ ကြည်ညိုလေးစားမှုကို ခံရသူဖြစ်ခြင်း၊ နိုင်ငံ့အကျိုးကို ဦးစားပေးဆောင်ရွက်သူဖြစ်ခြင်း၊

(၂) ဆေးပညာနယ်ပယ်တွင် အကျင့်သိက္ခာနှင့် ကိုယ်ကျင့်တရားပြည့်စုံသူဖြစ်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရှာဖွေခြင်း၊ ကုသခြင်း၊ ခွဲစိတ်ခြင်းစသည့် ဆေးပညာဆိုင်ရာတာဝန်များကို ထူးချွန်စွာထမ်းဆောင်သူဖြစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများကို အများအကျိုးအတွက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ ဆောင်ရွက်ခြင်း၊

(၃) လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရိုသေသူဖြစ်ခြင်း၊

(၄) သက်ဆိုင်ရာပညာရပ်ဖြင့် တိုင်းရင်းဆေးပညာ၊ တိရစ္ဆာန်ဆေးကုသမှုပညာအပါအဝင် ဆေးပညာရပ်ဆိုင်ရာ ဘာသာရပ်များ ကုထုံးများ ဆေးဝါးများ သုတေသနပြုခြင်း၊ ရှာဖွေဖော်ထုတ်ခြင်း၊ အသုံးပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်း၊ ပညာပေးခြင်း စသည်တို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာကိုမြင့်မားအောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သည့် ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(၅) ဆေးပညာနယ်ပယ်တွင် မူလကနဦးတွေ့ရှိချက်၊ ဖော်ထုတ်ချက်တစ်ခုခုကို စတင်ဆောင်ရွက်သူ သို့မဟုတ် တီထွင်ကြံဆသူဖြစ်ခြင်း။

(ည) **နည်းပညာထူးချွန်တံဆိပ်။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ကောင်းရာကောင်းကျိုးအား နည်းပညာရပ်တစ်ခုခုဖြင့်ရှေ့ဆောင်ရှေ့ရွက်ပြုပြီး အများအကျိုးအတွက်သုတေသနပြုဖော်ထုတ်ခြင်း၊ တီထွင်ဖန်တီးနိုင်သူဖြစ်ခြင်းနှင့် ထူးချွန်စွာ ဆောင်ရွက်သည့်ပုဂ္ဂိုလ်အားလည်းကောင်း၊ လူစွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာတစ်ရပ်ရပ်ဖြင့် ထူးခြားအောင်မြင်စွာ စွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်အားလည်းကောင်း ချီးမြှင့်အပ်နှင်းမည့် **နည်းပညာထူးချွန်တံဆိပ်** အတွက် ပြည့်စုံရမည့် အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေသူဖြစ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်ခြင်း၊ လူအများ၏ ကြည်ညိုလေးစားမှုကို ခံရသူဖြစ်ခြင်း၊ နိုင်ငံ့အကျိုးကို ဦးစားပေးဆောင်ရွက်သူဖြစ်ခြင်း၊

(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေပြီး ကိုယ်ကျင့်တရားကောင်းမွန်ပြည့်စုံသူဖြစ်ခြင်း၊

(၃) လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရိုသေသူဖြစ်ခြင်း၊ သက်ဆိုင်ရာပညာရပ်ဖြင့် အများအကျိုးအတွက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာဆောင်ရွက်ခြင်း၊

(၄) နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေသော နည်းပညာတစ်ခုခုကို အောင်မြင်အောင် ပါဝင်ဆောင်ရွက်သူဖြစ်ခြင်း၊ စိတ်ကူးစိတ်သန်းသဘောတရားတီထွင်မှု၊ ဆန်းသစ်သော နည်းပညာရပ်တစ်ခုခုကို မိမိက ဦးဆောင်အကောင်အထည်ဖော်ခြင်း၊

(၅) နိုင်ငံအတွက် အရေးပါအသုံးဝင်သည့် ပညာရပ်ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုအထောက်အကူပြုသည့် တွေ့ရှိချက်တစ်ရပ်ရပ်ကို သုတေသနပြု ဖော်ထုတ်နိုင်သူ သို့မဟုတ် တီထွင်ဖန်တီးနိုင်သူဖြစ်ခြင်း၊

(၆) နည်းပညာရပ်များ၏ နည်းနိဿယ၊ ဖြစ်စဉ်၊ သဘာဝဖြစ်ရပ်၊ ဝတ္ထုပစ္စည်း၊ စက်ကိရိယာ၊ စိတ်ကူးစိတ်သန်း၊ သဘောတရား၊ တီထွင်မှု၊ သုတေသနပြုခြင်းနှင့် ရှာဖွေခြင်းတို့အား ထူးထူးခြားခြား တိုင်းကျိုးပြည်ပြု ဆောင်ရွက်နိုင်သူဖြစ်ခြင်း။

(ဋ) **အနုပညာထူးချွန်တံဆိပ်။** အနုပညာရပ်တစ်ခုခုတွင် စံနမူနာပြုလောက်အောင် ထူးကဲကောင်းမွန်စွာ စွမ်းဆောင်နိုင်ပြီး အများပြည်သူ၏ လေးစားအားပေးမှု၊ တိုင်းပြည်အတွက် အကျိုးရှိသည့် အနုသုခုမပညာတစ်ရပ်ရပ်အား ဖန်တီးမှုကို ကာလရှည်ကြာ ရယူစွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်အား ချီးမြှင့်အပ်နှင်းမည့် **အနုပညာထူးချွန်တံဆိပ်**အတွက် ပြည့်စုံရမည့် အရည်အချင်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေသူဖြစ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်ခြင်း၊ လူအများ၏ ကြည်ညိုလေးစားမှုကို ခံရသူဖြစ်ခြင်း၊ နိုင်ငံ့အကျိုးကို ဦးစားပေးဆောင်ရွက်သူဖြစ်ခြင်း၊

(၂) အနုပညာရပ်တစ်ခုခုတွင် စံနမူနာပြုလောက်အောင် ထူးကဲကောင်းမွန်စွာ စွမ်းဆောင်နိုင်ခြင်း၊

(၃) အများပြည်သူ၏ လေးစားအားပေးမှုကို ကာလရှည်ကြာ စွမ်းဆောင်နိုင်ပြီး အနုပညာနယ်ပယ်၏ တိုးတက်ဖွံ့ဖြိုးမှုအတွက် အစဉ်တစိုက် တိုင်းကျိုးပြည်ပြု ဆောင်ရွက်ခဲ့သူအဖြစ် ဂုဏ်သတင်းကျော်စောသော အနုပညာရှင်ဖြစ်ခြင်း၊

(၄) မိမိတတ်ကျွမ်းသည့် အနုပညာရပ်တစ်ခုခုဖြင့် အများပြည်သူအကျိုးအတွက် ရှေ့ဆောင်ရှေ့ရွက် ဦးဆောင်လမ်းပြနိုင်သူဖြစ်ခြင်း၊

(၅) အနုပညာရပ်တစ်ခုခုအား နိုင်ငံတကာအဆင့်မီ ထူးချွန်စွာ ကြိုးပမ်းဆောင်ရွက်နိုင်သူဖြစ်ခြင်း။

(ဌ) **စာပေပညာထူးချွန်တံဆိပ်။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား စာပေ၊ သတင်းနှင့် စာနယ်ဇင်းပညာရပ်ဖြင့် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ အများအကျိုးဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်အားလည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားအောင်မြင်စွာ စာပေကျမ်းဂန် ပြုစုစွမ်းဆောင်နိုင်ခဲ့သည့် ပုဂ္ဂိုလ်အားလည်းကောင်း ချီးမြှင့်အပ်နှင်းမည့် **စာပေပညာထူးချွန်တံဆိပ်**အတွက် ပြည့်စုံရမည့် အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေသူဖြစ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်ခြင်း၊ လူအများ၏ ကြည်ညိုလေးစားမှုကို ခံရသူဖြစ်ခြင်း၊ နိုင်ငံ့အကျိုးကို ဦးစားပေးဆောင်ရွက်သူဖြစ်ခြင်း၊

(၂) စာပေ၊ သတင်းနှင့်စာနယ်ဇင်းပညာရပ်ဖြင့်လည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေပညာရပ်ဖြင့်လည်းကောင်း၊ ထူးခြားအောင်မြင်စွာ ပြုစုဆောင်ရွက်နိုင်ခဲ့သည့် ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(၃) စာပေကျမ်းဂန်ပညာရပ်ဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေအောင် ရှေ့ဆောင်ရှေ့ရွက်ပြု၍ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သည့် ပုဂ္ဂိုလ်ဖြစ်ခြင်း။

## အခန်း (၄)
## စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များအတွက် ငွေကြေးချီးမြှင့်ခြင်း

၄။ ဤပြဋ္ဌာန်းချက်အရ ချီးမြှင့်အပ်နှင်းမည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်သည် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၅။ ဤပြဋ္ဌာန်းချက်အရ ချီးမြှင့်အပ်နှင်းမည့် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေများကို နိုင်ငံတော်က အမိန့်ထုတ်ပြန်သတ်မှတ်ပေးရမည်။

## အခန်း (၅)
## စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ၏ ပစ္စည်းအမျိုးအစား၊ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရွယ်အစား၊ အရောင်အသွေးနှင့် တံဆိပ်ပါအမှတ်အသားများနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖော်ဆောင်ချက်များ

၆။ ဤပြဋ္ဌာန်းချက်အရ ချီးမြှင့်အပ်နှင်းမည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၏ ပစ္စည်းအမျိုးအစား၊ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရွယ်အစားနှင့် အရောင်အသွေး၊

တံဆိပ်ပါအမှတ်အသားများနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖော်ဆောင်ချက်များကို အမျိုးအစားအလိုက် နောက်ဆက်တွဲ ဇယားများတွင် အောက်ပါအတိုင်း ယှဉ်တွဲဖော်ပြထားသည် -

(က) **စီမံထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) ဆင့်** - **နောက်ဆက်တွဲ "က"**

(ခ) **လူမှုထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) ဆင့်** - **နောက်ဆက်တွဲ "ခ"**

(ဂ) **စီးပွားထူးချွန်တံဆိပ်**

(၁) လယ်ယာစီးပွားထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) ဆင့် - **နောက်ဆက်တွဲ "ဂ"**

(၂) စက်မှုစီးပွားထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) ဆင့် - **နောက်ဆက်တွဲ "ဃ"**

(၃) ကုန်သွယ်စီးပွားထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) ဆင့် - **နောက်ဆက်တွဲ "င"**

(၄) ဝန်ဆောင်စီးပွားထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) ဆင့် - **နောက်ဆက်တွဲ "စ"**

(ဃ) **ပညာထူးချွန်တံဆိပ်**

(၁) သိပ္ပံပညာထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) ဆင့် - **နောက်ဆက်တွဲ "ဆ"**

(၂) ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) ဆင့် - **နောက်ဆက်တွဲ "ဇ"**

(၃) ဆေးပညာထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) ဆင့် - **နောက်ဆက်တွဲ "ဈ"**

(၄) နည်းပညာထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) ဆင့် - **နောက်ဆက်တွဲ "ည"**

(၅) အနုပညာထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) ဆင့် - **နောက်ဆက်တွဲ "ဋ"**

(၆) စာပေပညာထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) ဆင့် - **နောက်ဆက်တွဲ "ဌ"**

## အခန်း (၆)
## ထောက်ခံတင်ပြရန် နည်းလမ်းများ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် ယင်းတို့၏ပုံတူတံဆိပ်ငယ်များ တပ်ဆင်ရာတွင် လိုက်နာကျင့်သုံးရမည့် နည်းလမ်းများ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပြန်လည်ရုပ်သိမ်းခြင်း

၇။ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်တွင် ဖော်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၇)
## အထွေထွေ

၈။ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ခြင်းခံရသူသည် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ပြဋ္ဌာန်းချက် အခန်း (၁၉)၊ အပိုဒ် (၇၃) တွင် ဖော်ပြထားသည့်အတိုင်း သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိသည်။

၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပြဋ္ဌာန်းချက်အား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၆/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ** (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၁။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၁ ။)**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **အဖွဲ့**ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ကို ဆိုသည်။

(ဂ) **စီမံခန့်ခွဲရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ဆိပ်ကမ်းများ**ဆိုရာတွင် အဖွဲ့ပိုင်ရေယာဉ်များသွားလာနိုင်သော မြစ်များ၊ ချောင်းများ၊ တူးမြောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက် မြို့၊ ရွာများရှိ ရေယာဉ်ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းများပါဝင်သည်။ ထို့အပြင် ဆိပ်ကမ်းလုပ်ငန်းများနှင့် ဆက်စပ်သော နယ်မြေများလည်း ပါဝင်သည်။

(င) **ရေယာဉ်**ဆိုရာတွင် ရေကြောင်းသွားလာရာ၌ အသုံးပြုသော စက်တပ်သို့မဟုတ် စက်မဲ့ရေယာဉ်အားလုံးပါဝင်သည်။ ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင်စသည်တို့လည်း ပါဝင်သည်။

(စ) **စက်ရုံ၊ အလုပ်ရုံ**ဆိုသည်မှာ အဖွဲ့ပိုင်ရေယာဉ်ကျင်းများရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်ဌာနခွဲများကို ဆိုသည်။

(ဆ) **ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ အဖိုးစားနား သို့မဟုတ် ကတိနှင့်ညီညွတ်ချက်ဖြင့် ဆောင်ရွက်ပေးသည့်လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ဖြင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်းများလည်းပါဝင်သည်။

(ဇ) **အမှုဆောင်အရာရှိချုပ်**ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့၏ အကြီးအမှူးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံအတွင်း ရေယာဉ်များသွားလာနိုင်သည့် မြစ်များ၊ ချောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်၊

(ခ) မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရေရှည်ရပ်တည်နိုင်သည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် အဓိကကျသည့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် သယ်ယူပို့ဆောင်ရေးစနစ်အဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဃ) အဖွဲ့၏ စီမံခန့်ခွဲရေးနှင့် ငွေကြေးသုံးစွဲမှုစနစ်တို့ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာဆောင်ရွက်နိုင်ရန်၊

(င) ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို နည်းလမ်းတကျ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် အဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့အား လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်ရန်။

## အခန်း (၃)
## ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ (က) အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့် ဖွဲ့စည်းပုံအတိုင်း တည်ထောင်ထားရှိရမည်။

(ခ) အဖွဲ့သည် ဤဥပဒေအရ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်၊ ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၅။ အဖွဲ့သည် -

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တည်ဆဲဥပဒေအရ စီးပွားရေးဆန်ဆန် အောင်မြင်စွာဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်သည်။

(ခ) ဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးအစား၊ မိမိဝန်ထမ်းများ၏ အရည်အချင်းသတ်မှတ်ချက်၊ ဝန်ထမ်းတစ်ဦးချင်း ရာထူးအဆင့်အလိုက် တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလို သတ်မှတ်ထားရှိရမည်။

(ဂ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ ဌာနက ပိုင်ဆိုင်သော ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

(ဃ) အဖွဲ့က ပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ နိုင်ငံတော်ကလွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ပေးသော ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

(င) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ခွင့်၊ တရားစွဲဆိုခွင့်နှင့် စွဲဆိုခံပိုင်ခွင့်၊ နိုင်ငံတော်က သတ်မှတ်ပေးထားသော ပိုင်ဆိုင်မှုပစ္စည်းများအားလုံးတို့ကို ရယူခွင့်၊ လက်ဝယ်ထားရှိခွင့်နှင့် ပိုင်ဆိုင်ခွင့်များရှိသည်။

၆။ ဝန်ကြီးဌာနသည် ဤဥပဒေအာဏာမတည်မီကဖွဲ့စည်းခဲ့သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် တာဝန်ထမ်းဆောင်ခဲ့သောဝန်ထမ်းများ ဤဥပဒေအရ ဖွဲ့စည်းသည့်အဖွဲ့သို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်အခါ ယင်းတို့တာဝန်ထမ်းဆောင်စဉ်ကရရှိခဲ့သည့် ရာထူးနှင့်ရပိုင်ခွင့်အောက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

## အခန်း (၄)
## ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအားလုံးကိုဆောင်ရွက်ခြင်းနှင့် ဤဥပဒေအရ အခြားဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) အဖွဲ့အတွက် ယာဉ်၊ ဗောတံတား၊ ကုန်လှောင်ရုံ၊ ကမ်းတက်ဆိပ်နှင့်အခြားလိုအပ်သည့်ပစ္စည်းများကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် အဖွဲ့ပိုင်ပစ္စည်းများကို အငှားချထားခြင်း၊ ထုခွဲရောင်းချခြင်း၊ အာမခံထားရှိခြင်း၊

(ဂ) ဝန်ကြီးဌာနက သတ်မှတ်ထားသော မြစ်ကြောင်းများနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ရေယာဉ်များဖြင့် ပို့ဆောင်ရေးဝန်ဆောင်မှုကို ကိုယ်တိုင်ဖြစ်စေ၊ ဖက်စပ်စနစ်ဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်း၊

(ဃ) ရေယာဉ်များကို တစ်စီးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများအား ငှားရမ်းခြင်း၊

(င) ကူးတို့ရေယာဉ်များ ပြေးဆွဲခြင်း၊

(စ) ရေယာဉ်ကျင်းများနှင့်ရေယာဉ်တည်ဆောက်ပြင်ဆင်ခြင်းဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများနှင့် စက်သုံးဆီများ ဝယ်ယူဖြည့်တင်းခြင်း၊

(ဆ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းပိုင်ရေယာဉ်များကို မွမ်းမံပြင်ဆင်ခြင်း၊ ရေယာဉ်အသစ်တည်ဆောက်ရောင်းချခြင်းနှင့် အခြားလုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်း၊

(ဇ) အဖွဲ့ပိုင်မြေနှင့် အဆောက်အအုံများကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဈ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၈။ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မိမိပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ သို့မဟုတ် ဆက်ခံရရှိသည့်ငွေကြေးနှင့် နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ပေးသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်၊

(ခ) ရေကြောင်းလမ်းများတစ်လျှောက်ရှိ မြို့၊ ရွာများတွင် ကုန်စည်များ လက်ခံတင်ဆောင်ခြင်းနှင့် သိုလှောင်ဖြန့်ဖြူးခြင်းတို့ကို ကိုယ်စားလှယ်လုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊

(ဂ) အဖွဲ့ပိုင်မြေ၊ အဆောက်အအုံ၊ ယာဉ်၊ ယန္တရားနှင့် အခြားဆက်စပ်သော ပစ္စည်းများကို စီမံခန့်ခွဲပိုင်ခွင့်၊

(ဃ) လုပ်ငန်းဆိုင်ရာ ဝန်ဆောင်ခနှုန်းများ၊ လုပ်ခနှုန်းများ၊ ထုတ်လုပ်မှုစံနှုန်းများ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းထားများ၊ အလုပ်ချိန်များ၊ အလုပ်ခွင်စည်းမျဉ်းစည်းကမ်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်၊

(င) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် ရေယာဉ်တည်ဆောက်မှုကို စီမံခန့်ခွဲမှုကန်ထရိုက်စနစ်ဖြင့်သော်လည်းကောင်း၊ ငှားရမ်းလုပ်ကိုင်ခြင်းစနစ်ဖြင့်သော်လည်းကောင်း၊ အကျိုးတူစနစ်ဖြင့်သော်လည်းကောင်း၊ တည်ဆောက်လုပ်ကိုင်လွှဲပြောင်းစနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(စ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ မည်သူ့ကိုမဆို မိမိခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် တရားစွဲဆိုပိုင်ခွင့်၊

(ဆ) မိမိလုပ်ငန်းအတွက် လိုအပ်သည့် မြေ၊ ဆိပ်ကမ်း၊ အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲပိုင်ခွင့်၊

(ဇ) အဖွဲ့ပိုင်စက်ပစ္စည်းနှင့်စက်ကိရိယာများ မြေ၊ အဆောက်အအုံများနှင့်ရေယာဉ်များ၊ အခြားပိုင်ဆိုင်ခွင့်များကို သက်ဆိုင်ရာလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကို ငှားရမ်းခွင့်၊ အကျိုးတူပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဈ) ငှားရမ်းခ၊ အခနှုန်းထားများသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်း၊ လျှော့ပေါ့ခြင်းနှင့် အရကောက်ခံခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်၊

(ည) အဖွဲ့ပိုင်ရေယာဉ်၊ ယာဉ်နှင့် အသုံးမလိုသည့် ပစ္စည်းများ၊ ရေယာဉ်ပြင်ဆင်ရာမှ ရရှိသည့် အသုံးမလိုသည့် ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်၊

(ဋ) ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များကို ပို့ဆောင်ရေးဆိုင်ရာ၊ ရေကြောင်းဆိုင်ရာ သို့မဟုတ် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများအဖြစ် လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်းကျောင်းများ ဖွင့်လှစ်ခွင့်နှင့် သုတေသနပြုပိုင်ခွင့်၊

(ဌ) ဝန်ထမ်းများကို ပြည်တွင်း၊ ပြည်ပသင်တန်းများသို့ စေလွှတ်နိုင်ခွင့်။

## အခန်း (၅)
## စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၉။ ဝန်ကြီးဌာနသည် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေအများဆုံး ကိုးဦးအထိပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သူ | ဥက္ကဋ္ဌ |
| (ခ) | အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| (ဂ) | ရေကြောင်းသွားလာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦး | အဖွဲ့ဝင် |
| (င) | စီးပွားရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်တစ်ဦး | အဖွဲ့ဝင် |
| (စ) | ဝန်ကြီးဌာနက ရွေးချယ်တာဝန်ပေးသည့် ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌက တာဝန်ပေးအပ်သော အဖွဲ့ဝင်တစ်ဦး | အတွင်းရေးမှူး |

၁၀။ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးကျင်းပခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ (က) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသောပုဂ္ဂိုလ်တစ်ဦးဦးသည် ယင်းသို့မခန့်ထားမီကာလက စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်လုပ်ငန်းတာဝန် ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေးအကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်များနှင့် ကင်းရှင်းသူဖြစ်ရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် စီမံခန့်ခွဲရေးအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း၊ ရောင်းမှု၊ ဝယ်မှု သို့မဟုတ် ငှားရမ်းမှုတစ်ခုခုတွင်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်နေပါက မိမိမည်သို့ အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့၏ အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ထုတ်ဖော်ပြောဆိုချက်ကို စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်ဖြစ်ပြီး သက်ဆိုင်သည့်အဖွဲ့ဝင်သည် ယင်းပဋိညာဉ်နှင့်သော်လည်းကောင်း၊ ရောင်းမှု၊ ဝယ်မှု သို့မဟုတ် ငှားရမ်းမှုနှင့်သော်လည်းကောင်း စပ်လျဉ်း၍ စီမံခန့်ခွဲရေးအဖွဲ့က ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းပြုရာတွင် မပါဝင်ရ။

(ဃ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးဦးမှာ ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် ရှိ မရှိ ဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်လျှင် အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၁၂။ (က) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်းသည် စတင်တာဝန်ထမ်းဆောင်သည့် နေ့ရက်မှ ငါးနှစ်ဖြစ်သည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူးသက်တမ်းကုန်ဆုံးသည့်အခါ ဝန်ကြီးဌာနက အသစ်ဖွဲ့စည်းတာဝန်ပေးအပ်ပြီးသည့် အချိန်အထိ မိမိတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူးသက်တမ်းနှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ။

(ဃ) အကြောင်းတစ်ရပ်ရပ်ကြောင့် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ရာထူးနေရာလစ်လပ်သည့်အတွက် အစားထိုးခန့်ထားပါက စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များ၏ရာထူးသက်တမ်းသည် မူလရာထူး၏ ကျန်ရှိသည့်သက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်ရမည်။

(င) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့်ကာလကို ရာထူးသက်တမ်းတစ်ခုဟု မသတ်မှတ်ရ။

၁၃။ (က) စီမံခန့်ခွဲရေးအဖွဲ့တွင် အကြောင်းတစ်ခုခုကြောင့် အဖွဲ့ဝင်ရာထူးနေရာ လစ်လပ်ပါက လစ်လပ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသည် အဖွဲ့ဝင်သစ်ကို သတ်မှတ်ချက်များနှင့်အညီ ဖြည့်စွက်ခန့်ထားရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့က ဆောင်ရွက်သည့်ကိစ္စရပ်များသည် အဖွဲ့ဝင်ရာထူးလစ်လပ်သည့် အကြောင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦးခန့်ထားရာတွင် ချို့ယွင်းချက် တစ်ခုခုရှိသည့် အကြောင်းကြောင့်သော်လည်းကောင်း ပျက်ပြယ်ခြင်းမရှိစေရ။

၁၄။ ဝန်ကြီးဌာနသည် သတ်မှတ်ထားသည့် အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသော စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးကို ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်း မပြုလျှင် ထိုအဖွဲ့ဝင်အား တာဝန်မှရပ်စဲရမည်။

၁၅။ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

## အခန်း (၆)

## စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၆။ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အဖွဲ့ပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်၊ ဆုံးရှုံး၊ ပျက်စီး၊ ပျောက်ဆုံးမှုမရှိစေရန် ကြီးကြပ်ထိန်းသိမ်းခြင်း၊

(ခ) ဝင်ငွေနှင့်အကျိုးအမြတ်တိုးပွားစေရေးအတွက် သင့်လျော်သော နည်းလမ်းများဖြင့်ဆောင်ရွက်ခြင်း၊

(ဂ) ဝန်ထမ်းများ၏ ရပိုင်ခွင့်များရရှိစေခြင်း၊

(ဃ) မိမိလုပ်ငန်းတစ်ခုလုံး၏ အောင်မြင်မှု သို့မဟုတ် ဆုံးရှုံးမှုကို တာဝန်ခံခြင်း၊

(င) အဖွဲ့ပိုင်လုပ်ငန်းအသီးသီး၏ တာဝန်ခံဝန်ထမ်းများက ယင်းတို့တာဝန်ယူသည့်လုပ်ငန်း၏ အောင်မြင်မှု သို့မဟုတ် ဆုံးရှုံးမှုကို တာဝန်ခံစေရန် စီမံကြီးကြပ်ခြင်း။

၁၇။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ရယူ၍ ပြည်တွင်း၊ ပြည်ပဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များရယူခြင်း၊

(ခ) အဖွဲ့၏ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဂ) လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) လိုအပ်ပါက အကြံပေးပုဂ္ဂိုလ်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်နိုင်ခြင်း၊ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးခြင်း၊

(င) တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဝန်ထမ်းများကို ခန့်ထားခြင်း၊ တာဝန်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်းနှင့် အငြိမ်းစားပေးခြင်း၊

(စ) အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောတူစာချုပ်များချုပ်ဆိုခြင်း။

## အခန်း (၇)

## ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စာရင်းများ

၁၈။ အဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ်သတ်မှတ်ပေးသည့် နိုင်ငံတော်သို့ ထည့်ဝင်ငွေနှင့် တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

၁၉။ အဖွဲ့က လွှဲပြောင်းရယူသည့် နိုင်ငံတော်ပိုင် ပုံသေပိုင်ပစ္စည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ ကာလပေါက်ဈေးဖြင့် တန်ဖိုးတွက်ချက်သတ်မှတ်၍ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် ဖော်ပြထားရမည်။

၂၀။ ပုဒ်မ ၁၉ အရ အဖွဲ့က လွှဲပြောင်းရယူခဲ့သော အရပ်ရပ်တန်ဖိုးများကို အဖွဲ့တွင် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် သတ်မှတ်ရမည်။ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအပေါ် ကျသင့်အမြတ်ဝေစုကို နိုင်ငံတော်သို့ ခွဲဝေပေးရမည်။

၂၁။ အဖွဲ့သည် ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်း အရအသုံးငွေများကို ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနှင့်အညီ သီးခြားဖော်ပြ၍ ထည့်သွင်းရေးဆွဲရမည်။

၂၂။ အဖွဲ့သည် သင့်လျော်သော ဘဏ်တွင် မြန်မာကျပ်ငွေနှင့် နိုင်ငံခြားသုံးငွေများကို သီးခြားစီ စာရင်းဖွင့်လှစ်ထားရှိ သုံးစွဲခွင့်ရှိသည်။

၂၃။ အဖွဲ့ပိုင် ရန်ပုံငွေများကို စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၄။ ဝန်ကြီးဌာနသည် -

(က) အဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသော ဝန်ထမ်းများကို မိမိလက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းပေးရမည်။

(ခ) အဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်၊ အငြိမ်းစားယူမှုဆိုင်ရာကိစ္စရပ်များကို ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတိုင်း တွက်ချက်၍ ခွင့်ပြုပေးရမည်။

၂၅။ စီမံခန့်ခွဲရေးအဖွဲ့သည် -

(က) အဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ယင်းတို့ခံစားခွင့်ရှိသော လစာ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်နှင့် အငြိမ်းစားယူမှုဆိုင်ရာကိစ္စရပ်များကို ယင်းတို့ စတင်ပြောင်းရွှေ့သည့် နေ့ရက်မှစ၍ အချိန်ကာလတွက်ချက်ပြီး ခံစားခွင့်ပြုရမည်။

(ခ) ဝန်ထမ်းများအတွက် ပင်စင်ရန်ပုံငွေကို သီးခြားထားရှိရမည်။

၂၆။ အဖွဲ့သည် စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါရန်ပုံငွေများကို ထားရှိရမည် -

(က) ဆုကြေးရန်ပုံငွေ၊

(ခ) သက်သာချောင်ချိရေး ရန်ပုံငွေ၊

(ဂ) ဖွံ့ဖြိုးမှုရန်ပုံငွေ၊

(ဃ) တန်ဖိုးလျော့ရန်ပုံငွေ၊

(င) လျှည့်ပတ်ရန်ပုံငွေ၊

(စ) အခြားလိုအပ်သောရန်ပုံငွေ။

၂၇။ အဖွဲ့သည် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားနိုင်သည်။

၂၈။ အဖွဲ့သည် အောက်ပါစာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည် -

(က) ဝန်ထမ်းအင်အားစာရင်း၊

(ခ) ငွေသားအခြေအနေ၊

(ဂ) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း၊

(ဃ) အရှုံး၊ အမြတ်စာရင်း၊

(င) လက်ကျန်ရှင်းတမ်း။

၂၉။ အဖွဲ့သည် ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့အစည်းများအကြား ငွေကြေးဆိုင်ရာ အပြန်အလှန်အကူအညီပေးခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၃၀။ အဖွဲ့တွင် ထိရောက်သည့်စစ်ဆေးကြပ်မတ်မှုရှိစေရန် ဌာနတွင်း စာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၁။ အဖွဲ့သည် လုပ်ငန်းနှင့်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့ သို့မဟုတ် နိုင်ငံတကာအသိအမှတ်ပြု စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုခံယူရမည်။

## အခန်း (၈)
## ဆုကြေးငွေချီးမြှင့်ခြင်း

၃၂။ အဖွဲ့သည် မိမိ၏စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်ဖော်ရာ၌ သတ်မှတ်ထားသော လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးအတိုင်းသော်လည်းကောင်း၊ ယင်းအချိုးထက် ပိုမိုကောင်းမွန်သော အချိုးအတိုင်းသော်လည်းကောင်း ဆုကြေးငွေချီးမြှင့်ပိုင်ခွင့်ရှိသည်။

၃၃။ ပုဒ်မ ၃၂ အရ ဆုကြေးငွေချီးမြှင့်ရာတွင် ဆုကြေးရန်ပုံငွေထဲမှ သတ်မှတ်ထားသော ရာခိုင်နှုန်း အချိုးအရ ဝန်ထမ်းများကို ဆုကြေးများခွဲဝေ သတ်မှတ်ပေးပြီးနောက် ကျန်ရှိသော ဆုကြေးရန်ပုံငွေထဲမှ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အလိုက်သော်လည်းကောင်း အောက်ပါအခြေခံမှုများအပေါ် မူတည်၍ စွမ်းဆောင်ရည်မြင့်မားမှုဆုကြေးများ ထပ်မံချီးမြှင့်နိုင်သည် -

(က) သတ်မှတ်ထားသော စံနှုန်းထက်တိုး၍ ထုတ်လုပ် ဆောင်ရွက်နိုင်ခြင်း၊ ဝန်ဆောင်မှုပေးနိုင်ခြင်း၊

(ခ) ထုတ်လုပ်မှု၊ ဝန်ဆောင်မှု နည်းစနစ်သစ်များ တီထွင်နိုင်ခြင်း၊

(ဂ) တီထွင်ထုတ်လုပ်နိုင်မှုရှိခြင်း၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းအရည်အသွေး စံချိန်မီခြင်း၊

(ဃ) ကုန်ကြမ်းသုံးစွဲမှု စံသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ သုံးစွဲနိုင်ခြင်း၊

(င) လေလွင့်၊ ပျက်စီး၊ ဆုံးရှုံးမှုလျော့နည်းခြင်း။

၃၄။ ဝန်ထမ်းများသည် သီးခြားတာဝန်ပေးခြင်းအရ ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို သက်ဆိုင်ရာ စည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

## အခန်း (၉)
## တားမြစ်ချက်များ

၃၅။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုရ -

(က) ရေယာဉ်ခပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုပြီး လက်မှတ်ဟောင်းကို သုံးစွဲ၍ဖြစ်စေ၊ ရေယာဉ်ခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲဖြစ်စေ အဖွဲ့ပိုင်ရေယာဉ်တွင် စီးနင်း လိုက်ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် အားထုတ်ခြင်း၊

(ခ) အဖွဲ့ပိုင်ရေယာဉ်တွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးကို ကျော်လွန်ကြောင်း သိလျက်နှင့်နောက်ထပ် ရေယာဉ်ခကြိုတင်ပေးဆောင်ခြင်းမပြုဘဲ တမင် ဆက်လက် စီးနင်းလိုက်ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် အားထုတ်ခြင်း၊

(ဂ) အဖွဲ့ပိုင်ရေယာဉ်တွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးသို့ ရောက်ရှိကြောင်းသိလျက်နှင့် ရေယာဉ်မှထွက်ခွာရန် တမင်ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်း၊

(ဃ) မိမိနှင့်အတူ ယူဆောင်လာသော ပစ္စည်းများအတွက် တန်ဆာခပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် ကျသင့်သောတန်ဆာခကို လုံးဝပေးဆောင်ခြင်းမပြုဘဲ သို့မဟုတ် အပြည့်အဝ ပေးဆောင်ခြင်းမပြုဘဲ အဖွဲ့ပိုင်ရေယာဉ်တွင် မိမိနှင့်အတူ ပစ္စည်းများသယ်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် အားထုတ်ခြင်း၊

(င) အမှန်တကယ် ကျသင့်သောရေယာဉ်ခကို ပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် အဖွဲ့ပိုင်ရေယာဉ်တွင် ရေယာဉ်နေရာအဆင့်အတန်း တစ်ခုအတွက် ရေယာဉ်ခပေးဆောင်လျက် ထိုနေရာအဆင့်အတန်းထက်မြင့်သောသီးသန့်နေရာတွင် သို့မဟုတ် အခန်းတွင်စီးနင်းလိုက်ပါခြင်း၊

(စ) အဖွဲ့ပိုင်ရေယာဉ်တွင် စီးနင်းလိုက်ပါလျက် ရေယာဉ်လက်မှတ်မဝယ်ယူခြင်း သို့မဟုတ် ရေယာဉ်၏ အရာထမ်း၊ အမှုထမ်းများက ရေယာဉ်လက်မှတ်ထုတ်ပြရန် တောင်းဆိုသည့်အခါ ရေယာဉ် လက်မှတ်ထုတ်ပြရန် ပျက်ကွက်ခြင်း၊

(ဆ) အဖွဲ့ပိုင်ရေယာဉ်တွင် စီးနင်းလိုက်ပါသောသူတစ်ဦးအတွက် ကျသင့်သောရေယာဉ်ခကိုပေးဆောင်ခြင်းမှ ကင်းလွတ်စေရန် ရည်ရွယ်ချက်ဖြင့် လက်မှတ်စစ်ကို လိမ်လည်ပြသနိုင်စေခြင်းအလို့ငှာ မိမိ၏လက်မှတ်ကို ထိုသူအား လွှဲပြောင်းပေးခြင်း၊

(ဇ) ကုန်တင်ခပေးဆောင်ခြင်းမှလုံးဝကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခအပြည့်ပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ အဖွဲ့ပိုင်ရေယာဉ်ပေါ်တွင် တရားမဝင်သောနည်းလမ်းဖြင့် ကုန်ပစ္စည်းများတင်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် အားထုတ်ခြင်း၊

(ဈ) အဖွဲ့ပိုင်ရေယာဉ်ပေါ်တွင် ခရီးသည်အတွက် နေရာကို တစ်နည်းနည်းဖြင့် ရယူလျက်ထိုနေရာကို အဖိုးအခဖြင့်ရောင်းချခြင်း သို့မဟုတ် ရောင်းရန်အားထုတ်ခြင်း သို့မဟုတ် လူစီးလက်မှတ်ကို အကျိုးအမြတ်ရယူ၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊

(ည) အဖွဲ့ပိုင်ရေယာဉ်ပေါ်ရှိ ရေယာဉ်သုံးပစ္စည်းကိုဖြစ်စေ၊ ရေယာဉ်အစိတ်အပိုင်းကိုဖြစ်စေ ဖျက်ဆီးခြင်း၊ မရိုးမဖြောင့်သောသဘောဖြင့် ရယူခြင်း သို့မဟုတ် ယင်းသို့ ဖျက်ဆီးရန်၊ ရယူရန် အားထုတ်ခြင်း၊

(ဋ) အဖွဲ့ပိုင်ရေယာဉ်တွင် အသုံးပြုသော ခရီးသည်လက်မှတ်များကိုဖြစ်စေ၊ တန်ဆာလက်မှတ်များကိုဖြစ်စေ၊ အခြားသောလက်မှတ် သို့မဟုတ် ပုံစံများကိုဖြစ်စေ အတုပြုလုပ်ခြင်း၊ အတုပြုလုပ်ရန် အားထုတ်ခြင်း သို့မဟုတ် အဆိုပါလက်မှတ်အတုများကိုဖြစ်စေ၊ ပုံစံများကိုဖြစ်စေ ထိန်းသိမ်းထားခြင်း သို့မဟုတ် ရောင်းဝယ်ခြင်း။

## အခန်း (၁၀)
## ပြစ်ဒဏ်များ

၃၆။ မည်သူမဆို -

(က) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)နှင့် (ဈ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်နှစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ည) ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဋ) ပါ တားမြစ်ချက်များကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၁)
## အထွေထွေ

၃၇။ အဖွဲ့ပိုင်ရေယာဉ်ကို တပ်မတော်က ငှားရမ်းအသုံးပြုရာတွင် ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ တန်းပြည့်စစ်မှုထမ်းချိန်ဟူ၍ သတ်မှတ်ထားသည့် ကာလအတွင်းအသုံးပြုသည့် ရေယာဉ်များပျက်စီးခြင်း သို့မဟုတ် နစ်မြုပ်ခြင်းသည် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခြင်းမဟုတ်လျှင် စတင်ရယူအသုံးပြုစဉ်က အခြေအနေအတိုင်း ပြန်လည်အပ်နှံရမည် သို့မဟုတ် ရေယာဉ်၏ ကာလတန်ဖိုး အတိုင်း ပေးလျော်ရမည်။

၃၈။ ဤဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (ည) နှင့် (ဋ) တို့အရ ကျူးလွန်သောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၃၉။ အဖွဲ့နှင့်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၏ အရာထမ်း၊ အမှုထမ်းအားလုံးသည် ဤဥပဒေအရ ပေးအပ်သော တာဝန်ကိုထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် အဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၁။ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၁၇/၂၀၁၄)

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

## မြန်မာအမျိုးသားလေကြောင်းဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြန်မာအမျိုးသားလေကြောင်းဥပဒေ** (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာအမျိုးသားလေကြောင်းဥပဒေ

## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၂ ။)

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို မြန်မာအမျိုးသားလေကြောင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **မြန်မာအမျိုးသားလေကြောင်း**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာအမျိုးသားလေကြောင်းကို ဆိုသည်။

(ဂ) **စီမံခန့်ခွဲရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၈ အရ ဖွဲ့စည်းသော မြန်မာအမျိုးသားလေကြောင်း စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(ဃ) **လေကြောင်းလုပ်ငန်း**ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၇ ပါ မြန်မာအမျိုးသားလေကြောင်းက လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းများကို ဆိုသည်။

(င) **အမှုဆောင်အရာရှိချုပ်**ဆိုသည်မှာ မြန်မာအမျိုးသားလေကြောင်း၏ အကြီးအမှူးကိုဆိုသည်။

(စ) **ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ၊ အဖိုးစားနား သို့မဟုတ် သဘောတူညီချက်ဖြင့် ဆောင်ရွက်ပေးသည့် လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာအမျိုးသားလေကြောင်းလုပ်ငန်းကို နည်းလမ်းတကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာအမျိုးသားလေကြောင်းနှင့်စီမံခန့်ခွဲရေးအဖွဲ့အား လုပ်ပိုင်ခွင့်များအပ်နှင်းနိုင်ရန်၊

(ခ) မြန်မာအမျိုးသားလေကြောင်းလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့်လေကြောင်းခရီးသွားလာမှုတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်၊

(ဂ) မြန်မာအမျိုးသားလေကြောင်း၏ စီမံအုပ်ချုပ်မှုနှင့် ငွေကြေးသုံးစွဲမှုစနစ်များကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန်လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) မြန်မာအမျိုးသားလေကြောင်းလုပ်ငန်းများကို ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စည်းကမ်းချက်များသတ်မှတ်၍ စနစ်တကျ လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက် မြန်မာအမျိုးသားလေကြောင်းကို ပြောင်းလဲဖွဲ့စည်းရန်၊

(င) မြန်မာအမျိုးသားလေကြောင်းကို အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ပါဝင်ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## မြန်မာအမျိုးသားလေကြောင်း ဖွဲ့စည်းခြင်း

၄။ (က) မြန်မာအမျိုးသားလေကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသည့် ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းတည်ထောင်ထားရှိရမည်။

(ခ) မြန်မာအမျိုးသားလေကြောင်းသည် ဤဥပဒေအရ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်၊ ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၅။ ဝန်ကြီးဌာနသည် -

(က) ဤဥပဒေအာဏာမတည်မီက ဖွဲ့စည်းခဲ့သည့် မြန်မာ့လေကြောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာအမျိုးသားလေကြောင်းသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်သည့်အခါ ယင်းဝန်ထမ်းများ ယခင်က မြန်မာ့လေကြောင်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရရှိခဲ့သည့် ရာထူးတာဝန်နှင့် ရပိုင်ခွင့်အောက်လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ခ) ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသော ဝန်ထမ်းများကို ဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့် ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းပေးနိုင်သည်။

(ဂ) ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာအမျိုးသားလေကြောင်းသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်၊ အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များအား ယင်းတို့တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတိုင်းတွက်ချက်၍ ခွင့်ပြုပေးရမည်။

၆။ မြန်မာအမျိုးသားလေကြောင်းသည် -

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်သည်။

(ခ) နိုင်ငံတော်ကမတည်ထုတ်ပေးထားသောရင်းနှီးငွေများကိုလည်းကောင်း၊ ဝန်ကြီးဌာနကပိုင်ဆိုင်သော ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

(ဂ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်ကလွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသော မြေ၊ အဆောက်အအုံ၊ လေယာဉ်၊ ရဟတ်ယာဉ်၊ လေယာဉ်နှင့် သက်ဆိုင်သည့် ယာဉ်၊ ယန္တရား၊ စက်ပစ္စည်းကိရိယာတန်ဆာပလာများ၊ ကုန်ပစ္စည်းစသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

(ဃ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

## အခန်း (၄)
## မြန်မာအမျိုးသားလေကြောင်း၏ လုပ်ငန်းအမျိုးအစားများ

၇။ မြန်မာအမျိုးသားလေကြောင်းသည် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) ပြည်တွင်း ပြည်ပလေကြောင်း ခရီးစဉ်နှင့် စင်းလုံးငှားခရီးစဉ်များ ပြေးဆွဲခြင်း၊

(ခ) ပြည်တွင်းပြည်ပလေယာဉ် မြေပြင်ဝန်ဆောင်မှုလုပ်ငန်း၊ အခြားသောဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးတို့ကို ဆောင်ရွက်ခြင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) လေယာဉ်ဆီ၊ စက်ဆီ၊ ချောဆီများဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊

(ဃ) လေယာဉ်တင် အစားအစာလုပ်ငန်း ဆောင်ရွက်ခြင်း၊

(င) ပြည်တွင်းပြည်ပ လေကြောင်းလိုင်းများနှင့် လက်မှတ်အရောင်းကိုယ်စားလှယ်လုပ်ငန်း ဆောင်ရွက်ခြင်း၊

(စ) ပြည်တွင်း ပြည်ပလေကြောင်းလိုင်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတို့နှင့် သီးခြားလုပ်ငန်း သဘောတူစာချုပ်ချုပ်ဆို၍ ဖက်စပ်ကုမ္ပဏီထူထောင် ဆောင်ရွက်ခြင်း၊

(ဆ) ပြည်တွင်း ပြည်ပမှ လေယာဉ်နှင့်လေယာဉ်၏ ဆက်စပ်ပစ္စည်းများ ငှားရမ်းလုပ်ကိုင်ခြင်း၊

(ဇ) ပြည်တွင်းပြည်ပလေကြောင်းလိုင်းများ၏ လေယာဉ်များအကြီးစားနှင့်အသေးစားပြုပြင်ထိန်းသိမ်းခြင်း၊

(ဈ) လေယာဉ်မှူး၊ လေယာဉ်သား၊ စက်မှုအင်ဂျင်နီယာ၊ စက်ပြင်နှင့်ကျွမ်းကျင်ဝန်ထမ်းများစုဆောင်းခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) လေကြောင်းဆိုင်ရာ သင်တန်းကျောင်းများဖွင့်လှစ်၍ နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား လေယာဉ်မှူး၊ လေယာဉ်သား၊ စက်မှုအင်ဂျင်နီယာ၊ စက်ပြင်နှင့် ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့် မွေးထုတ်ပေးသည့်လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဋ) လေယာဉ်အရန်ပစ္စည်းများ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဌ) လေယာဉ်စီးခရီးသည်များကို မော်တော်ယာဉ်ဖြင့် ပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) လေဆိပ်ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) မြန်မာအမျိုးသားလေကြောင်း၏ မတည်ငွေများနှင့် အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး အများနှင့်သက်ဆိုင်သော ကော်ပိုရေးရှင်းအဖြစ် တည်ထောင်ပြီး လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်း၊

(ဏ) လေကြောင်းအာမခံလုပ်ငန်းများကို သင့်လျော်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(တ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်ပေးသည့် လေကြောင်းလုပ်ငန်းများကိုဆောင်ရွက်ခြင်း။

## အခန်း (၅)
## စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၈။ ဝန်ကြီးဌာနသည် မြန်မာအမျိုးသားလေကြောင်းက လေကြောင်းလုပ်ငန်းများကို ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန် ဦးဆောင်မှုပေးနိုင်ရန် စီမံခန့်ခွဲရေးအဖွဲ့ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကိုးဦးထက်မပိုသော အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးသူ | ဥက္ကဋ္ဌ |
| (ခ) | အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| (ဂ) | ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ ဥပဒေပညာရှင်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | စီးပွားရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (င) | စီမံခန့်ခွဲရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (စ) | ဝန်ကြီးဌာနက ရွေးချယ်တာဝန်ပေးသည့် ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌက ခန့်အပ်သူတစ်ဦး | အတွင်းရေးမှူး |

၉။ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးကျင်းပခြင်းကိစ္စများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ စီမံခန့်ခွဲရေးအဖွဲ့သည် အစည်းအဝေးသို့တင်ပြသည့် ကိစ္စရပ်အားလုံးကို အစည်းအဝေးတက်ရောက် လာသည့် အဖွဲ့ဝင်အများစု၏ မဲဆန္ဒဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်။

၁၁။ (က) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ်ခန့်ထားခြင်းခံရသောပုဂ္ဂိုလ်တစ်ဦးသည် ယင်းအားမခန့်ထားမီကာလက ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရာရှိသည့် ငွေရေးကြေးရေးအကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်များနှင့် ကင်းရှင်းသူဖြစ်ရမည်။

(ခ) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် စီမံခန့်ခွဲရေးအဖွဲ့ကပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း၊ ရောင်းမှု၊ ဝယ်မှု သို့မဟုတ် ငှားရမ်းမှုတစ်ခုခုတွင်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်နေပါက မိမိမည်သို့ အကျိုးသက်ဆိုင်ကြောင်းကို စီမံခန့်ခွဲရေးအဖွဲ့၏ အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ထုတ်ဖော်ပြောဆိုချက်ကို စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်ဖြစ်ပြီး သက်ဆိုင်သည့်အဖွဲ့ဝင်သည် ယင်းပဋိညာဉ်နှင့်သော်လည်းကောင်း၊ ရောင်းမှု၊ ဝယ်မှု သို့မဟုတ် ငှားရမ်းမှုနှင့်သော်လည်းကောင်းစပ်လျဉ်း၍ စီမံခန့်ခွဲရေးအဖွဲ့က ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းပြုရာတွင် မပါဝင်ရ။

(ဃ) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးနှင့်စပ်လျဉ်း၍ ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် ရှိ မရှိဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်ပါက အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၁၂။ (က) ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။

(ခ) ယင်းရာထူးသက်တမ်းကုန်ဆုံးသော်လည်း ဝန်ကြီးဌာနက အသစ်ရွေးချယ်ခန့်ထားပြီးသည့် အချိန်အထိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူးသက်တမ်းနှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ။

(ဃ) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့် ကာလကို ရာထူးသက်တမ်းတစ်ခုဟု သတ်မှတ်ခြင်းမပြုရ။

(င) အကြောင်းတစ်ရပ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ရာထူးနေရာလစ်လပ်သည့်အတွက် အစားထိုး ခန့်ထားပါက ယင်းဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် မူလရာထူး၏ ကျန်ရှိသည့် သက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်စေရမည်။

၁၃။ ဝန်ကြီးဌာနသည် သတ်မှတ်ထားသည့် အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသောဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးကို ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်။

၁၄။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ပြီး ဝန်ကြီးဌာနက သဘောတူခွင့်ပြုသည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၁၅။ (က) ဝန်ကြီးဌာနသည် အကြောင်းတစ်ခုခုကြောင့် အဖွဲ့ဝင်ရာထူးနေရာလစ်လပ်လျှင် လစ်လပ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်းအဖွဲ့ဝင်အသစ်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြည့်စွက်ခန့်ထားရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့က စီမံဆောင်ရွက်သည့် ကိစ္စရပ်များသည် အဖွဲ့ဝင်ရာထူးလစ်လပ်သည့်အကြောင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦး ခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိသည့် အကြောင်းကြောင့်သော်လည်းကောင်း မပျက်ပြယ်စေရ။

## အခန်း (၆)

## စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၆။ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို အလေအလွင့်၊ အဆုံးအရှုံး၊ အပျက်အစီး၊ အပျောက်အရှ အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊

(ခ) ဝင်ငွေနှင့် အကျိုးအမြတ်တိုးတက်စေရေးအတွက် သင့်လျော်သောနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) ဝန်ထမ်းများ၏ ရပိုင်ခွင့်များကို ရရှိစေခြင်း၊

(ဃ) ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းနှင့်စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) မိမိလုပ်ငန်းတစ်ခုလုံး၏ အောင်မြင်မှု၊ ဆုံးရှုံးမှုကို တာဝန်ခံခြင်း၊

(စ) လေကြောင်းလုပ်ငန်းဌာနများရှိ တာဝန်ခံဝန်ထမ်းများက ယင်းတို့တာဝန်ယူသည့် လုပ်ငန်း၏ အောင်မြင်မှု၊ ဆုံးရှုံးမှုကို တာဝန်ခံစေရန် စီမံကြီးကြပ်ခြင်း။

၁၇။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာအမျိုးသားလေကြောင်းသည် ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာန၏ ကြိုတင်သဘောတူညီချက်ဖြင့် ပြည်တွင်း ပြည်ပ ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည် ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များရယူခြင်း၊

(ခ) မြန်မာအမျိုးသားလေကြောင်းသည် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ် ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ်မယူသော နိုင်ငံတော်အလံတင်လေကြောင်းလိုင်းဖြစ်သည့် အားလျော်စွာ သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရန် ဝန်ကြီးဌာနမှ တစ်ဆင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိခြင်း၊

(ဂ) သင့်လျော်သည့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) လိုအပ်ပါက အကြံပေးပုဂ္ဂိုလ်များကို သတ်မှတ်ချက်နှင့်အညီ ခန့်အပ်ခြင်း၊ ချီးမြှင့်ငွေနှင့်စရိတ်များကို သတ်မှတ်ပေးအပ်ခြင်း၊

(င) နိုင်ငံတော်က လွှဲအပ်သည့် သို့မဟုတ် လုပ်ပိုင်ခွင့်ပေးအပ်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် လေကြောင်းလုပ်ငန်း များတွင် အသုံးပြုပိုင်ခွင့်ရှိခြင်း၊

(စ) ကုန်စည်များ လက်ခံတင်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို ကိုယ်စားလှယ်လုပ်ငန်း အသွင်ဖြင့် ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊

(ဆ) လုပ်ငန်းဆိုင်ရာဝန်ဆောင်ခနှုန်း၊ လုပ်ခနှုန်း၊ ထုတ်လုပ်မှုနှုန်း၊ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းများကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ခွင့်၊ ပြင်ဆင်ခွင့်ရှိခြင်း၊

(ဇ) အလုပ်ချိန်များ အလုပ်ခွင်စည်းမျဉ်းနှင့်စည်းကမ်းများကို တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ် ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဈ) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့်သော်လည်း ကောင်း၊ ငှားရမ်းလုပ်ကိုင်ခြင်းစနစ်ဖြင့်သော်လည်းကောင်း၊ အကျိုးတူစနစ်ဖြင့်သော်လည်းကောင်း၊ တည်ဆောက်လုပ်ကိုင် လွှဲပြောင်းစနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊

(ည) စက်ပစ္စည်း၊ စက်ကိရိယာ၊ မြေ၊ အဆောက်အအုံ၊ လေယာဉ်နှင့် အခြားပိုင်ဆိုင်ခွင့်များကို ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များအား သတ်မှတ်ချက်များနှင့်အညီ ငှားရမ်းနိုင်ခြင်း၊

(ဋ) အခန္နုန်းထားများနှင့် ငှားရမ်းခသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်းနှင့် လျှော့ပေါ့ခွင့်ပြုခြင်း၊

(ဌ) လေယာဉ်၊ ရဟတ်ယာဉ်၊ ယာဉ်နှင့် အသုံးမလိုတော့သည့် ပစ္စည်းများ၊ လေယာဉ်နှင့် စက်ယန္တရား များကို ပြင်ဆင်ရာမှရရှိသည့် အသုံးမလို ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်း၊

(ဍ) ကျွမ်းကျင်သောဝန်ထမ်းများ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းနှင့် ပြည်တွင်း ပြည်ပသင်တန်း များသို့ စေလွှတ်ခြင်း။

၁၈။ စီမံခန့်ခွဲရေးအဖွဲ့သည် -

(က) မြန်မာအမျိုးသားလေကြောင်းရှိ အရာထမ်းများ၊ အမှုထမ်းများ၊ လေယာဉ်မှူးများ၊ အင်ဂျင်နီယာ များကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများနှင့်အညီ ခန့်ထားခြင်း၊ တာဝန်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ အရေးယူအပြစ်ပေးခြင်းနှင့် အငြိမ်းစား ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ အရာထမ်းများ၊ လေယာဉ်မှူးများနှင့် အင်ဂျင်နီယာများကို အသက် ၆၀ ပြည့်ပါက သက်ပြည့်အငြိမ်းစားယူခွင့်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုအပ်ချက်အရ ကျန်းမာရေး ကောင်းမွန်ပြီး ဆက်လက် တာဝန်ထမ်းဆောင်လိုသော အရာထမ်းများ၊ လေယာဉ်မှူးများနှင့် အင်ဂျင်နီယာများကို အသက် ၆၅ နှစ်ပြည့်သည့်အချိန်ထိ တစ်နှစ်လျှင်တစ်ကြိမ် သက်တမ်း တိုးမြှင့်၍ ဆောင်ရွက်စေနိုင်သည်။

၁၉။ စီမံခန့်ခွဲရေးအဖွဲ့သည် -

(က) ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာအမျိုးသားလေကြောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ယင်းတို့ခံစားခွင့်ရှိသော လစာ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်နှင့် အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များကို ယင်းတို့စတင်ပြောင်းရွှေ့သည့် နေ့ရက်မှစ၍ အချိန်ကာလတွက်ချက်ပြီး ခံစားခွင့်ပြုရမည်။

(ခ) မြန်မာအမျိုးသားလေကြောင်းလုပ်ငန်းစီမံကိန်းလျာထားချက်အတိုင်း အောင်မြင်စွာ အကောင် အထည်ဖော်ဆောင်ရွက်နိုင်သော ဝန်ထမ်းများအား ဆုကြေးငွေ ချီးမြှင့်နိုင်သည်။

## အခန်း (၇)

## ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စာရင်းများ

၂၀။ မြန်မာအမျိုးသားလေကြောင်းသည် -

(က) မြန်မာအမျိုးသားလေကြောင်းက လွှဲပြောင်းရယူမည့် နိုင်ငံတော်ပိုင် ပုံသေပိုင်ပစ္စည်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ ကာလပေါက်ဈေးဖြင့် တန်ဖိုးတွက်ချက် သတ်မှတ်၍ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် ဖော်ပြထားရမည်။

(ခ) နှစ်စဉ်လုပ်ငန်းစီမံချက်နှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းတို့ကို ရေးဆွဲ၍ စီမံခန့်ခွဲရေးအဖွဲ့က အတည်ပြုပြီး ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ဂ) ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်း ရငွေသုံးငွေများအား ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ သီးခြားဖော်ပြ၍ ထည့်သွင်း ရေးဆွဲရမည်။

(ဃ) ရငွေသုံးငွေများကို စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်သည့် ပြည်တွင်းပြည်ပဘဏ်များတွင် ငွေစာရင်း များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရမည်။

(င) မိမိရရှိသော နိုင်ငံခြားဝင်ငွေကို စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။

(စ) မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက်လည်းကောင်း ရငွေသုံးငွေအခြေအနေများ ပေါ်လွင်စေရန် သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိရမည်။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ်သတ်မှတ်ပေးသည့် နိုင်ငံတော်သို့ ထည့်ဝင်ငွေနှင့် တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

(ဇ) မိမိ၏ ဝန်ထမ်းများအတွက် ပင်စင်ရန်ပုံငွေကို သီးခြားထားရှိရမည်။

(ဈ) စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါရန်ပုံငွေများကို ထားရှိရမည် -

(၁) ဆုကြေးရန်ပုံငွေ၊

(၂) သက်သာချောင်ချိရေးရန်ပုံငွေ၊

(၃) ဖွံ့ဖြိုးမှုရန်ပုံငွေ၊

(၄) တန်ဖိုးယုတ်လျော့မှုရန်ပုံငွေ၊

(၅) အခြားလိုအပ်သောရန်ပုံငွေ။

(ည) ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှုစနစ်ထားရှိပြီး ဌာနတွင်းစာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဋ) အောက်ပါစာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည် -

(၁) ဝန်ထမ်းအင်အားစာရင်း၊

(၂) ငွေသားအခြေအနေ၊

(၃) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း၊

(၄) အရှုံးအမြတ်စာရင်း၊

(၅) လက်ကျန်ရှင်းတမ်း။

(ဌ) မြန်မာအမျိုးသားလေကြောင်း၏ လုပ်ငန်းနှင့်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့ သို့မဟုတ် နိုင်ငံတကာအသိအမှတ်ပြုစာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုခံယူရမည်။

## အခန်း (၈)
## ဆုကြေးငွေချီးမြှင့်ခြင်း

၂၁။ မြန်မာအမျိုးသားလေကြောင်းသည် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရေးအတွက် လုပ်ငန်းရပ်တစ်ခုချင်းအလိုက် သတ်မှတ်စံချိန်စံနှုန်းဖြင့် တွက်ချက်ထားသည့် အပိုကြေးကို ခံစားခွင့်ပြုနိုင်သည်။

၂၂။ ဝန်ထမ်းများသည် သီးခြားတာဝန်ပေးချက်အရ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို သက်ဆိုင်ရာ စည်းမျဉ်းနှင့် စည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

## အခန်း (၉)
## အထွေထွေ

၂၃။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် မြန်မာအမျိုးသားလေကြောင်း၏ အရာထမ်း၊ အမှုထမ်းအားလုံးသည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်သောအခါ သို့မဟုတ် ဆောင်ရွက်သည့်သဘော သက်ရောက်သော အပြုအမူကို ပြုသောအခါ ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးအဖွဲ့နှင့် မြန်မာအမျိုးသားလေကြောင်းသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၅။ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၈/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

**ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာဥပဒေ** (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၃။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာဥပဒေ

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၃ ။)**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

နိုင်ငံတော်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အချိန်မီ ကူညီစောင့်ရှောက်ခြင်းနှင့် ဆေးကုသခြင်းပြုနိုင်ရေးတို့အတွက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာ**ဆိုသည်မှာ ယာဉ်တစ်မျိုးမျိုးကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း လူ၏အသက်ကိုဖြစ်စေ၊ ကိုယ်အင်္ဂါအစိတ်အပိုင်းကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ ထိခိုက်မှုဖြစ်စေသည့် ဒဏ်ရာရရှိသူကို ဆိုသည်။

(ခ) **အရေးပေါ်ကူညီစောင့်ရှောက်မှု**ဆိုသည်မှာ ထိခိုက်ဒဏ်ရာရရှိသောအရေးပေါ်လူနာကို အခြေအနေပိုမိုမဆိုးရွားစေရေးအတွက် ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ မရောက်ရှိမီ ရှေးဦးသူနာပြုစုခြင်းနည်းလမ်းဖြင့်ဖြစ်စေ၊ သင့်လျော်သည့် အသက်ကယ်နည်းလမ်းဖြင့်ဖြစ်စေ ပြုစုစောင့်ရှောက်ခြင်းကို ဆိုသည်။

(ဂ) **ဆေးရုံ သို့မဟုတ် ဆေးခန်း**ဆိုသည်မှာ အစိုးရဆေးရုံ သို့မဟုတ် ဆေးခန်းကိုလည်းကောင်း၊ ပုဂ္ဂလိကဆေးရုံ သို့မဟုတ် ဆေးခန်းကိုလည်းကောင်း ဆိုသည်။

(ဃ) **ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ရန်တာဝန်** ဆိုသည်မှာ ဤဥပဒေအခန်း (၂) ၌ ပြဋ္ဌာန်းထားသည့် ထိခိုက်ဒဏ်ရာရရှိသောအရေးပေါ်လူနာကိုကူညီစောင့်ရှောက်ရန်တာဝန်များကို ဆိုသည်။

## အခန်း (၂)
## ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ရန်တာဝန်

၃။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို တွေ့ရှိသူသည် ယင်းလူနာကို မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦး၏ အကူအညီရယူ၍ဖြစ်စေ အရေးပေါ်ကူညီစောင့်ရှောက်မှုပေးရန် တာဝန်ရှိသည်။

၄။ အရေးပေါ်ကူညီစောင့်ရှောက်မှုပေးသူသည် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ပို့ဆောင်ခြင်းမပြုမီ အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) ရှေးဦးသူနာပြုစုနည်း တတ်မြောက်လျှင် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုခြင်းနှင့် ရွှေ့ပြောင်းခြင်း၊

(ခ) ရှေးဦးသူနာပြုစုနည်း တတ်မြောက်ခြင်းမရှိလျှင် ဒဏ်ရာအခြေအနေနှင့် လျော်ညီသော ပြုစုစောင့်ရှောက်မှုပေးခြင်း၊

(ဂ) ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) မှုခင်းနှင့်သက်ဆိုင်သည့် ထိခိုက်ဒဏ်ရာရရှိသောအရေးပေါ်လူနာများနှင့်ပတ်သက်၍ မိမိကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ တာဝန်ရှိသူမှ တစ်ဆင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ရဲစခန်း သို့မဟုတ် ရဲကင်းသို့ သတင်းပေးပို့ အကြောင်းကြားခြင်း။

၅။ ထိခိုက်ဒဏ်ရာရရှိသောအရေးပေါ်လူနာကိုတွေ့ရှိသူသည် ယင်းလူနာကိုအရေးပေါ်ကူညီစောင့်ရှောက်မှုပေးနိုင်ခြင်းမရှိလျှင် အောက်ပါအချက်တစ်ရပ်ရပ်ကို ဆောလျင်စွာဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) အနီးဆုံးဆေးရုံ သို့မဟုတ် ဆေးခန်းသို့ သင့်လျော်သောနည်းလမ်းဖြင့် ပို့ဆောင်ခြင်း၊

(ခ) အနီးဆုံးရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံဖြစ်စေ၊ အနီးဆုံး ရဲစခန်း သို့မဟုတ် ရဲကင်းသို့ဖြစ်စေ၊ အနီးဆုံးမီးသတ်စခန်းသို့ဖြစ်စေ၊ အရေးပေါ်ဆက်သွယ်နိုင်သော ဖုန်းနံပါတ်များသို့ဖြစ်စေ သင့်လျော်သောနည်းလမ်းဖြင့် အကြောင်းကြားခြင်း။

၆။ ဆေးရုံ သို့မဟုတ် ဆေးခန်းသည် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာနှင့် ပတ်သက်၍ အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာတွေ့ရှိကြောင်း အကြောင်းကြားချက်ကို လက်ခံရရှိလျှင် မိမိဆေးရုံ သို့မဟုတ် ဆေးခန်းတွင် ကုသနိုင်ရေးအတွက် လိုအပ်ချက်များ ပြည့်စုံစွာ စီစဉ်ထားရှိခြင်း၊

(ခ) အရေးပေါ်မဟုတ်သော လူနာများထက် ဦးစားပေး၍ ကုသခြင်း၊

(ဂ) ဆေးရုံ သို့မဟုတ် ဆေးခန်း၏ အဆင့်နှင့်အညီ အမြန်ဆုံးနှင့် အထိရောက်ဆုံးကုသမှုပေးခြင်းနှင့် လိုအပ်ပါက သက်ဆိုင်ရာ အဆင့်မြင့်ဆေးရုံသို့ စနစ်တကျလွှဲပြောင်းပေးခြင်း၊

(ဃ) မှုခင်းနှင့် သက်ဆိုင်ပါက သက်ဆိုင်ရာ ရဲစခန်းသို့ ဆောလျင်စွာ အကြောင်းကြားခြင်း၊

(င) ပုဂ္ဂလိကဆေးရုံ သို့မဟုတ် ဆေးခန်းဖြစ်ပါက မှုခင်းနှင့်သက်ဆိုင်သည့် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို လိုအပ်သော ကုသမှုများဆောင်ရွက်ပြီးသည်နှင့် သက်ဆိုင်ရာအစိုးရဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ဆေးမှတ်တမ်းအပြည့်အစုံဖြင့် အချိန်မီလွှဲပြောင်းပေးခြင်း။

၇။ ရဲစခန်း သို့မဟုတ် ရဲကင်းသည် သက်ဆိုင်ရာနယ်မြေအတွင်း ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာနှင့်ပတ်သက်၍ မှုခင်းသတင်းဖြစ်စေ၊ မတော်တဆမှုသတင်းဖြစ်စေ၊ အခြားအခြေအနေတစ်ရပ်ရပ်ဖြစ်ပွားကြောင်း သတင်းဖြစ်စေရရှိလျှင် အောက်ပါတို့ကိုဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) အချင်းဖြစ်ပွားသည့်နေရာသို့ အမြန်ဆုံးသွားရောက်၍ ကြည့်ရှုစစ်ဆေးခြင်း၊

(ခ) အချင်းဖြစ်ပွားသည့်နေရာတွင် တွေ့ရှိသည့် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အနီးဆုံး ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ အကြောင်းကြားခြင်းနှင့် အမြန်ရောက်ရှိရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(ဂ) အချင်းဖြစ်ပွားမှု၏ ဖြစ်စဉ်ကို သိရှိနိုင်ရန် လိုအပ်သော ရဲလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်ခြင်း။

၈။ မီးသတ်ဦးစီးဌာန၊ သက်ဆိုင်ရာ မြို့နယ်မီးသတ်စခန်းသည် သက်ဆိုင်ရာနယ်မြေအတွင်း ထိခိုက်ဒဏ်ရာရရှိသော လူနာနှင့်ပတ်သက်၍ မတော်တဆမှုသတင်းဖြစ်စေ၊ အခြားအခြေအနေတစ်ရပ်ရပ်ဖြစ်ပွားကြောင်း သတင်းဖြစ်စေရရှိလျှင် အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) အချင်းဖြစ်နေရာသို့ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ မီးငြိမ်းသတ်ယာဉ် သို့မဟုတ် လူနာတင်ယာဉ်နှင့်အတူ အမြန်ဆုံးသွားရောက်ကြည့်ရှုခြင်းနှင့် လိုအပ်သော အကူအညီများပေးခြင်း၊

(ခ) အချင်းဖြစ်နေရာ၌တွေ့ရှိသည့် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အချိန်မီကုသနိုင်ရန် အနီးဆုံးဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ကြိုတင်အကြောင်းကြားခြင်းနှင့် အမြန်ဆုံးရောက်ရှိရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း။

၉။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာနှင့်ပတ်သက်၍ သတင်းရရှိလျှင် အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) အချင်းဖြစ်ပွားသည့်နေရာသို့ မိမိရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အရေးပေါ်ကူညီစောင့်ရှောက်မှုပေးနိုင်သူနှင့် လိုအပ်သော အကူအညီပေးနိုင်သူများကို ခေါ်ဆောင်၍ အမြန်ဆုံးသွားရောက်ခြင်း၊

(ခ) ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာအတွက် လိုအပ်သော ကူညီပံ့ပိုးမှုနှင့်ကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ချက်ချင်းဆောင်ရွက်ခြင်း၊

(ဂ) ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အချိန်မီ ဆေးကုသမှုခံယူနိုင်ရေးအတွက် ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ အကြောင်းကြားခြင်းနှင့် အမြန်ဆုံးပို့ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) အချင်းဖြစ်ပွားမှုကို သက်ဆိုင်ရာရဲစခန်း သို့မဟုတ် ရဲကင်းသို့ ချက်ချင်းအကြောင်းကြားခြင်း၊

(င) ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာက စကားပြောနိုင်လျှင် သက်ဆိုင်ရာသို့ သတင်းပေးပို့နိုင်ရန် အချင်းဖြစ်ပွားရသည့်အကြောင်းရင်း၊ လိပ်စာနှင့် ယင်း၏ပြောကြားချက်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်း၊

(စ) အချင်းဖြစ်ပွားသည့်နေရာရှိ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာနှင့် ပစ္စည်းလုံခြုံရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း။

၁၀။ မည်သူမဆို ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဆေးရုံ သို့မဟုတ် ဆေးခန်းသို့သော်လည်းကောင်း၊ အရေးပေါ်ကူညီစောင့်ရှောက်မှုပေးသူထံသော်လည်းကောင်း ပို့ဆောင်ရန်ဖြစ်စေ၊ အခြားလိုအပ်သော အကူအညီဖြစ်စေ တောင်းခံပါက ကူညီရန်တာဝန်ရှိသည်။

## အခန်း (၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်

၁၁။ မည်သူမဆို ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ အချိန်မီ သယ်ယူပို့ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေရန် တားဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၄)
## အထွေထွေ

၁၂။ ဤဥပဒေပါပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ်သတ်မှတ်သည်။

၁၃။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သူ မည်သူမဆို မိမိ၏ဆောင်ရွက်မှုအတွက် အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုမှတ်တမ်းတင်ခြင်းကိုလည်းကောင်း၊ အခြားသင့်လျော်သည့် အခွင့်အရေးများကိုလည်းကောင်း ခံစားခွင့်ရှိစေရမည်။

၁၄။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာနှင့် သက်ဆိုင်သည့် သတင်းပေးပို့နိုင်သော နေရာများ၊ အရေးပေါ်ဆက်သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်များကို အများပြည်သူ အလွယ်တကူသိရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

၁၅။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အချိန်မီ ဆေးကုသမှုခံယူနိုင်ရန် အနီးဆုံးဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ပို့ဆောင်ရာ၌ ကူညီပို့ဆောင်ပေးသူသည် ယာဉ်တစ်ခုခုကို ငှားရမ်းအသုံးပြုရပါက ကျသင့်သော အမှန်ကုန်ကျစရိတ်ကို သက်ဆိုင်ရာ ရဲစခန်းက ကျခံရမည်။

၁၆။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ပုဒ်မ ၆ အရ လိုအပ်သည့် ကုသမှုများဆောင်ရွက်ပေးခဲ့သည့် ပုဂ္ဂလိကဆေးရုံ သို့မဟုတ် ဆေးခန်းသည် ဆေးမှတ်တမ်းပါ ကုသမှုအတွက် ကျသင့်သောဆေးဝါး၊ ဆေးပစ္စည်းနှင့် နည်းပညာဆိုင်ရာ အမှန်ကုန်ကျစရိတ်ကို သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြတောင်းခံနိုင်သည်။

၁၇။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာဆိုင်ရာကိစ္စရပ်သည် ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုဖြစ်ပါက ယင်းမှုခင်းနှင့်စပ်လျဉ်း၍ ရဲလုပ်ငန်းများဆောင်ရွက်ရာတွင် ထိခိုက်ဒဏ်ရာရရှိသောအရေးပေါ်လူနာကို တွေ့ရှိသူအားလည်းကောင်း၊ အရေးပေါ်ကူညီစောင့်ရှောက်မှုပေးသူအားလည်းကောင်း၊ ထိခိုက်ဒဏ်ရာရရှိသောအရေးပေါ်လူနာကိုကူညီစောင့်ရှောက်ရန် တာဝန်ထမ်းဆောင်သူအားလည်းကောင်းစုံစမ်းစစ်ဆေးရန် လိုအပ်ပါက ယင်းတို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသောနည်းလမ်းဖြင့် စီစဉ်ဆောင်ရွက်ရမည်။

၁၈။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများသည် ဤဥပဒေအရ ဆောင်ရွက်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ရန် တာဝန်ရှိသောဌာန၊ အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များကို တည်ဆဲဥပဒေများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရမည်။

၁၉။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဤဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သူ မည်သူကိုမျှ ယင်းသို့ ဆောင်ရွက်သည့်အကြောင်းကြောင့် တရားစွဲဆိုခြင်း၊ အရေးယူခြင်းမပြုရ။

၂၀။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာများနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနသည် ဤဥပဒေပါ ရဲလုပ်ငန်းများအတွက်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများသည် ဤဥပဒေပါ ကုသမှုလုပ်ငန်းများအတွက်လည်းကောင်းလိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၁၅၈/၂၀၁၄

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် )

### ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင် ထည့်သွင်းဖွဲ့စည်းခြင်း

ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့အရ ဖွဲ့စည်းသည့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးခင်မောင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၄

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်
( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

၁။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောငြိမ်းသင်သည် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ပါသည်။

၂။ ဦးစောငြိမ်းသင်အား အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၅၊ နည်းဥပဒေခွဲ (စ) အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

**ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့သော ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၌ အဖွဲ့ဝင်အဖြစ် ပါဝင်သည့် ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ဦးမန်းကံညွန့်အား ၎င်း၏ဆန္ဒအရ ကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**တင်သွင်းလွှာအမှတ် ၂/၂၀၁၄**

| | |
|---|---|
| တင်သွင်းသူ | ဦးရားဝမ်ဂျုံ<br>ဥက္ကဋ္ဌ<br>ကချင်ပြည်နယ်လွှတ်တော် |
| တင်သွင်းသူအတွက်<br>တရားလွှတ်တော်ရှေ့နေများ | ဦးအောင်ကျော်စိန်<br>ဦးကျော်လှထွန်း |

**အမိန့်**

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်

ကချင်ပြည်နယ်အတွက် ၂၀၁၄ ခုနှစ် ကချင်ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေရေးဆွဲရန် ဥပဒေကြမ်းကို ကချင်ပြည်နယ်လွှတ်တော်တွင် ၂၀၁၄ ခုနှစ် ဧပြီလ၌ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ဆွေးနွေးမှုများ ပြုလုပ်ရာတွင် ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် အဆိုပါလွှတ်တော်

ကိုယ်စားလှယ်များဖြစ်ကြသော ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်တို့အကြား အယူအဆကွဲလွဲမှုကြောင့် အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့သည်။ ဤတင်သွင်းလွှာနှင့်အတူ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ၂၉-၈-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၁/၆-၁/လတ-ကချင် (၂၄၆) ဖြင့် တင်သွင်းလွှာအမှတ် ၃/၂၀၁၄ ကိုလည်း သီးခြားတင်သွင်းထားသည်။ ထို့ကြောင့် ယခုကိစ္စအတွက် တင်သွင်းလွှာမှာ နှစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။ ဤတင်သွင်းလွှာအတွက် အောက်ဖော်ပြပါ တင်ပြချက်များကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးက ဆုံးဖြတ်ပေးပါရန် ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ၂၉-၈-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၁/၆-၁/လတ-ကချင် (၂၄၅) ဖြင့် ဤခုံရုံးသို့ တင်သွင်းလာခြင်းဖြစ်သည် -

> "ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များတက်ရောက်သော ပြည်နယ်လွှတ်တော်သို့ ပြည်နယ်အစိုးရအဖွဲ့ကတင်သွင်းသည့် ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းအတည်ပြုခွင့် ရှိ မရှိ။ ပြည်နယ်လွှတ်တော်ကအတည်ပြု ပြဋ္ဌာန်းလိုက်သော ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီကျင့်သုံးဆောင်ရွက်ခြင်းမရှိဘဲ ပြည်နယ်အစိုးရအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခွင့် ရှိ မရှိ။ ပြည်နယ်အစိုးရအဖွဲ့က လုပ်ငန်းလိုအပ်ချက်အရ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲထားခြင်းကို အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူမှုမရှိခြင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ။"

ထိုသို့တင်သွင်းခဲ့ရာတွင် တင်သွင်းလွှာနှစ်ခုမှာ တစ်ခုနှင့်တစ်ခု ရောယှက်နေပြီး လိုအပ်ချက်များရှိနေသောကြောင့် တင်သွင်းလွှာအသစ်တစ်ခုကို ရှေ့နေဖြင့် ပြုစုရေးသားပြီး တင်သွင်းလိုကြောင်း၊ အထက်ဖော်ပြပါ တင်သွင်းလွှာကို ရုပ်သိမ်းလိုကြောင်း တင်သွင်းလွှာတင်သွင်းသူ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဦးရားဝမ်ဂျုံက ၁၅-၁၀-၂၀၁၄ ရက်စွဲပါ စာအမှတ် ၁၁/၆-၁/လတ-ကချင် (၂၉၈) ဖြင့် နာယက၊ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ လျှောက်ထားလာပါသည်။ ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်လွှတ်တော်၏ရှေ့နေဖြစ်သော တရားလွှတ်တော်ရှေ့နေ ဦးအောင်ကျော်စိန်ကလည်း တင်သွင်းလွှာအမှတ် ၂/၂၀၁၄ ကို အထက်ဖော်ပြပါ တင်ပြချက်များအရ ရုပ်သိမ်းလိုကြောင်း၊ တင်သွင်းလွှာအသစ်တင်သွင်းလိုကြောင်း ၂၁-၁၀-၂၀၁၄ ရက်နေ့တွင် ကိုယ်တိုင်လာရောက် လျှောက်ထားတင်ပြခဲ့သည်။

တင်သွင်းလွှာရုပ်သိမ်းလိုသည့်ကိစ္စကို အဆုံးအဖြတ်ပြုရမည်ဖြစ်သဖြင့် ခုံရုံးဖြင့် ကြားနာနိုင်ရန် ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ၇-၁၁-၂၀၁၄ ရက်စွဲပါ ခုံရုံးဖွဲ့စည်းမိန့်ကို ခုံရုံးနည်းဥပဒေ ၁၄ နှင့်အညီ ဖွဲ့စည်းခဲ့ပြီး ဖြစ်သည်။ တင်သွင်းလွှာ ရုပ်သိမ်းခွင့်ပြုရန် သင့်မသင့်ကိစ္စအပေါ် လျှောက်လဲချက်ပေးလိုက ပေးနိုင်ကြောင်း၊ တင်သွင်းလွှာတင်သွင်းသူ၏ ရှေ့နေ ဦးအောင်ကျော်စိန်နှင့် ဦးကျော်လှထွန်းတို့အား ဤခုံရုံးက အသိပေးရာ လျှောက်လဲချက်မပေးလိုတော့ကြောင်း၊ ခုံရုံးမှသင့်မြတ်သော အမိန့် ချမှတ်ပေးစေလိုကြောင်း တင်ပြသွားကြသည်။

တင်သွင်းလွှာကို စိစစ်ရေးအဖွဲ့က ရှေးဦးစိစစ်ပြီး ခုံရုံးသို့တင်ပြ၍ ခုံရုံးကလည်း ထပ်မံစိစစ်ခဲ့သည်။ တင်သွင်းလွှာပါ အကြောင်းအရာမှာ ၂၀၁၄ ခုနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်းရန်အတွက် ဆွေးနွေးကြရာတွင် လွှတ်တော်နှင့် အစိုးရအဖွဲ့တို့အကြား အယူအဆကွဲလွဲမှုများ၊ အငြင်းပွားမှုများအပေါ် အဖြေပေးရန်တင်ပြလာခြင်းဖြစ်သည်။ ပြန်လည်ရှင်းလင်းရမည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း ထံသို့လည်း အကြောင်းကြားမှု မပြုရသေးသည့်တင်သွင်းလွှာ စိစစ်ဆဲအဆင့်ဖြစ်သည်။ တင်သွင်းလွှာပါ ဖော်ပြချက်များသည် ဥပဒေပြုရန် ဆွေးနွေးကြရာတွင် ပေါ်ပေါက်သောနှစ်ဖက်အငြင်းပွားမှု အရပ်ရပ်ကို ဖြစ်စဉ်တစ်ခုစီအလိုက် တင်ပြထားကြောင်း တွေ့ရသည်။ တင်ပြသည့်အချက်အလက်များ များပြားနေပြီး အဆုံးအဖြတ်ပေးရမည့်အချက် ပေါ်လွင်မှုမရှိခြင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြုရေး အငြင်းပွားမှု

တစ်ခုတည်းကို အခြေခံ၍ တင်သွင်းလွှာအမှတ် ၂ နှင့် ၃ အဖြစ် ခွဲခြားတင်သွင်းလာခြင်းစသည်တို့ကို စိစစ်တွေ့ရှိရသည်။

လက်ရှိတင်သွင်းလွှာကို ရုပ်သိမ်းလိုခြင်းမှာ ပုံစံပိုင်းဆိုင်ရာ လိုအပ်ချက်များကို ပြုပြင်ပေးရန်သာဖြစ်ပြီး အမှု၏အနှစ်သာရပိုင်းဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာများကို အကြောင်းပြု၍ ရုပ်သိမ်းလိုခြင်းမဟုတ်ကြောင်း သုံးသပ်ရရှိသည်။ ပုံစံပိုင်းဆိုင်ရာများကို စနစ်တကျရှိစေခြင်းအားဖြင့် ပြန်လည်ရှင်းလင်းရမည့်သူများအတွက် ပိုမိုလွယ်ကူမှုရှိစေမည်ဖြစ်သည်။ ဤတင်သွင်းလွှာကို ရုပ်သိမ်းခြင်းအားဖြင့်လည်း တရားမျှတမှုကို ထိခိုက်မှု မရှိဟု သုံးသပ်ရရှိသည်။ ထို့ကြောင့် ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်လွှတ်တော်၏ တင်သွင်းလွှာအသစ်တင်သွင်းခွင့်နှင့် အတူ ဤတင်သွင်းလွှာအမှတ် ၂/၂၀၁၄ အား ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားခြင်းကို ခွင့်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

(ပုံ) (မြသိန်း)၊
ဥက္ကဋ္ဌ၊
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
## တင်သွင်းလွှာအမှတ် ၃/၂၀၁၄

| | |
|---|---|
| တင်သွင်းသူ | ဦးရားဝမ်ဂျုံ<br>ဥက္ကဋ္ဌ<br>ကချင်ပြည်နယ်လွှတ်တော် |
| တင်သွင်းသူအတွက်<br>တရားလွှတ်တော်ရှေ့နေများ | ဦးအောင်ကျော်စိန်<br>ဦးကျော်လှထွန်း |

**အမိန့်**

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်

ကချင်ပြည်နယ်အတွက် ၂၀၁၄ ခုနှစ် ကချင်ပြည်နယ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေရေးဆွဲရန် ဥပဒေကြမ်းကို ကချင်ပြည်နယ်လွှတ်တော်တွင် ၂၀၁၄ ခုနှစ် ဧပြီလ၌ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ ဆွေးနွေးမှုများပြုလုပ်ရာတွင် ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် အဆိုပါလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်တို့အကြား အယူအဆကွဲလွဲမှုကြောင့် အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့သည်။ ဤတင်သွင်းလွှာနှင့်အတူ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ၂၉-၈-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၁/၆-၁/လတ-ကချင် (၂၄၅) ဖြင့် တင်သွင်းလွှာအမှတ် ၂/၂၀၁၄ ကိုလည်း သီးခြားတင်သွင်းထားသည်။ ထို့ကြောင့် ယခုကိစ္စအတွက် တင်သွင်းလွှာမှာ နှစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။ ဤတင်သွင်းလွှာအတွက် အောက်ဖော်ပြပါ တင်ပြချက်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ခုံရုံးက ဆုံးဖြတ်ပေးပါရန် ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ၂၉-၈-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၁/၆-၁/လတ-ကချင် (၂၄၆) ဖြင့် ဤခုံရုံးသို့ တင်သွင်းလာခြင်းဖြစ်သည် -

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၄၇ အရ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ တင်သွင်းလာသော ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်တွင် လိုအပ်သလို

ဆွေးနွေး၍ သဘောတူအတည်ပြုခြင်းကို အများဆန္ဒနှင့်အညီ ဆောင်ရွက်နိုင်သော်လည်း ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ခွင့်မရှိခြင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီ မညီ အဓိပ္ပာယ်ဖွင့်ဆို၍ ဆုံးဖြတ်ချက် ချမှတ်ပေးနိုင်ရန် တင်သွင်းခြင်း။"

ထိုသို့တင်သွင်းခဲ့ရာတွင် တင်သွင်းလွှာနှစ်ခုမှာ တစ်ခုနှင့်တစ်ခု ရောယှက်နေပြီး လိုအပ်ချက်များ ရှိနေသောကြောင့် တင်သွင်းလွှာအသစ်တစ်ခုကို ရှေ့နေဖြင့် ပြုစုရေးသားပြီး တင်သွင်းလိုကြောင်း၊ အထက် ဖော်ပြပါ တင်သွင်းလွှာကို ရုပ်သိမ်းလိုကြောင်း တင်သွင်းလွှာတင်သွင်းသူ ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဦးရားဝမ်ဂျုံက ၁၅-၁၀-၂၀၁၄ ရက်စွဲပါ စာအမှတ် ၁၁/၆-၁/လတ-ကချင်(၂၉၉) ဖြင့် နာယက၊ ပြည်ထောင်စု လွှတ်တော်မှတစ်ဆင့် ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ လျှောက်ထားလာပါသည်။ ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်လွှတ်တော်၏ ရှေ့နေဖြစ်သော တရားလွှတ်တော် ရှေ့နေ ဦးအောင်ကျော်စိန်ကလည်း တင်သွင်းလွှာအမှတ် ၃/၂၀၁၄ ကို အထက်ဖော်ပြပါ တင်ပြချက်များအရ ရုပ်သိမ်းလိုကြောင်း၊ တင်သွင်းလွှာ အသစ်တင်သွင်းလိုကြောင်း ၂၁-၁၀-၂၀၁၄ ရက်နေ့တွင် ကိုယ်တိုင်လာရောက် လျှောက်ထားတင်ပြခဲ့သည်။

တင်သွင်းလွှာရုပ်သိမ်းလိုသည့်ကိစ္စကို အဆုံးအဖြတ်ပြုရမည်ဖြစ်သဖြင့် ခုံရုံးဖြင့်ကြားနာနိုင်ရန် ဥက္ကဋ္ဌ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ၇-၁၁-၂၀၁၄ ရက်စွဲပါ ခုံရုံးဖွဲ့စည်းမိန့်ကို ခုံရုံးနည်းဥပဒေ ၁၄ နှင့်အညီ ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ တင်သွင်းလွှာရုပ်သိမ်းခွင့်ပြုရန် သင့်မသင့်ကိစ္စအပေါ် လျှောက်လဲချက် ပေးလိုက ပေးနိုင်ကြောင်း၊ တင်သွင်းလွှာ တင်သွင်းသူ၏ရှေ့နေ ဦးအောင်ကျော်စိန်နှင့် ဦးကျော်လှထွန်း တို့အား ဤခုံရုံးက အသိပေးရာ လျှောက်လဲချက် မပေးလိုတော့ကြောင်း၊ ခုံရုံးမှ သင့်မြတ်သော အမိန့်ချမှတ် ပေးစေလိုကြောင်း တင်ပြသွားကြသည်။

တင်သွင်းလွှာကို စိစစ်ရေးအဖွဲ့က ရှေးဦးစိစစ်ပြီး ခုံရုံးသို့တင်ပြ၍ ခုံရုံးကလည်း ထပ်မံစိစစ်ခဲ့သည်။ တင်သွင်းလွှာပါ အကြောင်းအရာမှာ ၂၀၁၄ ခုနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းရန်အတွက် ဆွေးနွေးကြရာတွင် လွှတ်တော်နှင့်အစိုးရအဖွဲ့တို့အကြား အယူအဆကွဲလွဲမှုများ၊ အငြင်း ပွားမှုများအပေါ် အဖြေပေးရန် တင်ပြလာခြင်း ဖြစ်သည်။ ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း ထံသို့လည်း အကြောင်းကြားမှုမပြုရသေးသည့် တင်သွင်းလွှာစိစစ်ဆဲအဆင့်ဖြစ်သည်။ တင်သွင်းလွှာပါ ဖော်ပြချက်များသည် ဥပဒေပြုရန် ဆွေးနွေးကြရာတွင် ပေါ်ပေါက်သော နှစ်ဖက်အငြင်းပွားမှုအရပ်ရပ်ကို ဖြစ်စဉ်တစ်ခုစီအလိုက် တင်ပြထားကြောင်း တွေ့ရသည်။ တင်ပြသည့် အချက်အလက်များ များပြားနေပြီး အဆုံးအဖြတ်ပေးရမည့်အချက် ပေါ်လွင်မှုမရှိခြင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြုရေး အငြင်းပွားမှု တစ်ခုတည်းကို အခြေခံ၍ တင်သွင်းလွှာအမှတ် ၂ နှင့် ၃ အဖြစ် ခွဲခြားတင်သွင်းလာခြင်းစသည်တို့ကို စိစစ်တွေ့ရှိရသည်။

လက်ရှိတင်သွင်းလွှာကို ရုပ်သိမ်းလိုခြင်းမှာ ပုံစံပိုင်းဆိုင်ရာလိုအပ်ချက်များကို ပြုပြင်ပေးရန်သာဖြစ်ပြီး အမှု၏အနှစ်သာရပိုင်းဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာများကို အကြောင်းပြု၍ ရုပ်သိမ်းလိုခြင်းမဟုတ်ကြောင်း သုံးသပ်ရရှိသည်။ ပုံစံပိုင်းဆိုင်ရာများကို စနစ်တကျရှိစေခြင်းအားဖြင့် ပြန်လည်ရှင်းလင်းရမည့်သူများအတွက် ပိုမိုလွယ်ကူမှုရှိစေမည် ဖြစ်သည်။ ဤတင်သွင်းလွှာကို ရုပ်သိမ်းခြင်းအားဖြင့်လည်း တရားမျှတမှုကို ထိခိုက်မှုမရှိဟု သုံးသပ်ရရှိသည်။ ထို့ကြောင့် ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်လွှတ်တော်၏ တင်သွင်းလွှာအသစ် တင်သွင်းခွင့်နှင့်အတူ ဤတင်သွင်းလွှာအမှတ် ၃/၂၀၁၄ အား ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားခြင်းကို ခွင့်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

(ပုံ) (မြသိန်း)၊
ဥက္ကဋ္ဌ၊
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၄၃/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် )

### မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

အမှတ် (၂)၊ တကောင်းဘုရားလမ်း၊ (၄) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ**အား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၇၉) ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် )

အမှတ် ၇၀ ။ ။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံးမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်စေခဲ့သော ကြည်း ၄၂၆၇၈ ဗိုလ်ကြီးအေးမင်းဦးအား ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၌ လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးတွင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

ရဲထွဋ်၊

ပြည်ထောင်စုဝန်ကြီး၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊

ပြန်ကြားရေးဝန်ကြီးဌာန။

**[ ယခင်အပတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများမှအဆက် ]**

## အခန်း (၂)

## အမြဲနေထိုင်ခွင့် လျှောက်ထားခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

၃။ မြန်မာနိုင်ငံသားဟောင်း သို့မဟုတ် နိုင်ငံခြားသားသည် အောက်ပါအချက်များနှင့်ညီညွတ်လျှင် ကျွမ်းကျင်ပညာရှင်အဖြစ် အမြဲနေထိုင်ခွင့် လျှောက်ထားခွင့်ရှိသည် -

(က) မြန်မာနိုင်ငံသားဟောင်းဖြစ်ပါက အမြဲနေထိုင်ခွင့်မရမီ မြန်မာနိုင်ငံ၌ အခြေချနေထိုင်ခွင့်မရှိသည့် ဗီဇာအမျိုးအစားကို ကိုင်ဆောင်နေထိုင်သူဖြစ်ခြင်း၊

(ခ) နိုင်ငံခြားသားဖြစ်ပါက အမြဲနေထိုင်ခွင့်လျှောက်ထားသည့်နေ့မတိုင်မီ ယင်းနေ့နှင့်တစ်ဆက်တည်းဖြစ်သော ၁၀ နှစ်အတွင်း အခြေချနေထိုင်ခွင့်မရှိသည့် ဗီဇာအမျိုးအစားကို ကိုင်ဆောင်၍ မြန်မာနိုင်ငံတွင် သုံးနှစ်အောက်မနည်းစဉ်ဆက်မပြတ် ဝင်ထွက်သွားလာနေထိုင်ပြီး ယင်းသို့နေထိုင်စဉ် ပြည်ပသို့ ထွက်ခွာပါက ပြည်ပ၌ နေထိုင်သောကာလသည် တစ်နှစ်အတွင်း တစ်ဆက်တည်း ရက်ပေါင်း ၉၀ ထက်မပိုခြင်း၊

(ဂ) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်၌ လုပ်ငန်းခွင်အတွေ့အကြုံရှိပြီး နိုင်ငံတော်၏ လိုအပ်ချက်နှင့် ကိုက်ညီသော နိုင်ငံအကျိုးကို ဆောင်ရွက်နိုင်သူ ပညာရှင်ဖြစ်ခြင်း၊

(ဃ) မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနက သက်ဆိုင်ရာလုပ်ငန်းတွင် ကျွမ်းကျင်ပညာရှင်ဖြစ်ကြောင်း လက်ခံအတည်ပြုသည့် သက်ဆိုင်ရာနိုင်ငံအဖွဲ့အစည်း၏ တရားဝင်အသိအမှတ်ပြုလက်မှတ် သို့မဟုတ် အထောက်အထားတင်ပြနိုင်သူဖြစ်ခြင်း၊

(င) အမြဲနေထိုင်ခွင့်ရရှိပါက ပြည်တွင်းတွင်လုပ်ကိုင်သည့် လုပ်ငန်းအမျိုးအစားအလိုက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ အခွန်ထမ်းဆောင်နိုင်သူဖြစ်ခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်အဖြစ် သတ်မှတ်ခြင်းခံရသူ မဟုတ်ခြင်း၊

(ဆ) နိုင်ငံတစ်ခုခု၌ နိုင်ငံရေးခိုလှုံခွင့်ရရှိနေထိုင်သူ မဟုတ်ခြင်း၊

(ဇ) ပြည်တွင်း၊ ပြည်ပ သို့မဟုတ် နိုင်ငံတကာ ပြစ်မှုမှတ်တမ်းတွင် စာရင်းဝင်သူမဟုတ်ခြင်း၊

(ဈ) ကျန်းမာရေးကောင်းမွန်ကြောင်းနှင့် ကူးစက်ရောဂါကင်းရှင်းကြောင်း သက်ဆိုင်ရာနိုင်ငံ၏ တရားဝင်ထောက်ခံချက်မူရင်း တင်ပြနိုင်သူဖြစ်ခြင်း၊

(ည) မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာပြီး နိုင်ငံ၏အကျိုးစီးပွားအတွက် အလေးထားလိုလားသူ၊ ကူညီပံ့ပိုးဆောင်ရွက်မည့်သူဖြစ်ကြောင်း ဝန်ခံချက်ပေးသူဖြစ်ခြင်း၊

(ဋ) အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက အကြောင်းကြားသည့်အခါ လျှောက်ထားသူကိုယ်တိုင် လာရောက်၍ အစစ်ဆေးခံနိုင်သူဖြစ်ခြင်း။

၄။ မြန်မာနိုင်ငံသားဟောင်း သို့မဟုတ် နိုင်ငံခြားသားသည် အောက်ပါအချက်များနှင့်ညီညွတ်လျှင် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်လိုသူအဖြစ် အမြဲနေထိုင်ခွင့်လျှောက်ထားခွင့်ရှိသည် -

(က) မြန်မာနိုင်ငံသားဟောင်းဖြစ်ပါက အမြဲနေထိုင်ခွင့်မရမီ မြန်မာနိုင်ငံ၌ အခြေချနေထိုင်ခွင့်မရှိသည့် ဗီဇာအမျိုးအစားကို ကိုင်ဆောင်နေထိုင်သူဖြစ်ခြင်း၊

(ခ) နိုင်ငံခြားသားဖြစ်ပါက အမြဲနေထိုင်ခွင့် လျှောက်ထားသည့်နေ့မတိုင်မီ ယင်းနေ့နှင့် တစ်ဆက်တည်းဖြစ်သော ၁၀ နှစ်အတွင်း အခြေချနေထိုင်ခွင့်မရှိသည့် ဗီဇာအမျိုးအစားကို ကိုင်ဆောင်၍ မြန်မာနိုင်ငံတွင် သုံးနှစ်အောက်မနည်း စဉ်ဆက်မပြတ် ဝင်ထွက်သွားလာနေထိုင်ပြီး ယင်းသို့ နေထိုင်စဉ် ပြည်ပသို့ထွက်ခွာပါက ပြည်ပ၌နေထိုင်သောကာလသည် တစ်နှစ်အတွင်းတစ်ဆက်တည်း ရက်ပေါင်း ၉၀ ထက်မပိုခြင်း၊

(ဂ) ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ဆိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သော ဥပဒေများနှင့်အညီ ရင်းနှီးမြှုပ်နှံနိုင်သူဖြစ်ခြင်း၊

(ဃ) အမြဲနေထိုင်ခွင့်ရရှိပါက ပြည်တွင်းတွင် ဆောင်ရွက်သည့် လုပ်ငန်းအမျိုးအစားအလိုက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် ညွှန်ကြားချက်များနှင့်အညီ အခွန်ထမ်းဆောင်နိုင်သူဖြစ်ခြင်း၊

(င) ရင်းနှီးမြှုပ်နှံမှုပမာဏနှင့်ညီမျှသော ငွေကြေးပမာဏကို ပိုင်ဆိုင်ကြောင်းတရားဝင် အထောက်အထားတင်ပြနိုင်သူဖြစ်ခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်အဖြစ် သတ်မှတ်ခြင်းခံရသူ မဟုတ်ခြင်း၊

(ဆ) နိုင်ငံတစ်ခုခု၌ နိုင်ငံရေးခိုလှုံခွင့်ရရှိ နေထိုင်သူ မဟုတ်ခြင်း၊

(ဇ) ပြည်တွင်း၊ ပြည်ပ သို့မဟုတ် နိုင်ငံတကာပြစ်မှုမှတ်တမ်းတွင် စာရင်းဝင်သူမဟုတ်ခြင်း၊

(ဈ) ကျန်းမာရေးကောင်းမွန်ကြောင်းနှင့် ကူးစက်ရောဂါကင်းရှင်းကြောင်း သက်ဆိုင်ရာနိုင်ငံ၏ တရားဝင်ထောက်ခံချက်မူရင်း တင်ပြနိုင်သူဖြစ်ခြင်း၊

(ည) မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာနိုင်ပြီး နိုင်ငံ၏အကျိုးစီးပွားအတွက် အလေးထားလိုလားသူ၊ ကူညီပံ့ပိုးဆောင်ရွက်မည့်သူ ဖြစ်ကြောင်း ဝန်ခံချက်ပေးသူဖြစ်ခြင်း၊

(ဋ) အကောင်အထည်ဖော်ရေးဗဟိုကော်မတီက အကြောင်းကြားသည့်အခါ လျှောက်ထားသူကိုယ်တိုင် လာရောက်၍ အစစ်ဆေးခံနိုင်သူဖြစ်ခြင်း။

၅။ ကျွမ်းကျင်ပညာရှင်အဖြစ်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်လိုသူအဖြစ်သော်လည်းကောင်း ဆောင်ရွက်ရန် မရည်ရွယ်သော မြန်မာနိုင်ငံသားဟောင်းသည် အောက်ပါအချက်များနှင့် ညီညွတ်လျှင် အမြဲနေထိုင်ခွင့် လျှောက်ထားခွင့်ရှိသည် -

(က) အမြဲနေထိုင်ခွင့်မရမီ မြန်မာနိုင်ငံသို့ အခြေချနေထိုင်ခွင့်မရှိသည့် ဗီဇာအမျိုးအစားကို ကိုင်ဆောင်ဝင်ရောက် နေထိုင်သူဖြစ်ခြင်း၊

(ခ) နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် အထောက်အကူပြုနိုင်သူဖြစ်ခြင်း၊

(ဂ) မြန်မာနိုင်ငံအတွင်း နေထိုင်စဉ် နေထိုင်စားသောက်ရေးအတွက် ငွေကြေးအလုံအလောက်ရှိသူ သို့မဟုတ် ယင်း၏ နေထိုင်စားသောက်ရေးအတွက် မြန်မာနိုင်ငံအတွင်း အခြေချနေထိုင်သူ မြန်မာနိုင်ငံသားက တာဝန်ယူကြောင်း အာမခံချက်တင်ပြနိုင်သူဖြစ်ခြင်း၊

(ဃ) ဝင်ငွေရရှိသော လုပ်ငန်းတစ်စုံတစ်ရာဆောင်ရွက်ပါက တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ အခွန်ထမ်းဆောင်နိုင်သူဖြစ်ခြင်း၊

(င) အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်အဖြစ် သတ်မှတ်ခြင်းခံရသူ မဟုတ်ခြင်း၊

(စ) နိုင်ငံတစ်ခုခု၌ နိုင်ငံရေးခိုလှုံခွင့်ရရှိနေထိုင်သူ မဟုတ်ခြင်း၊

(ဆ) ပြည်တွင်း၊ ပြည်ပ သို့မဟုတ် နိုင်ငံတကာ ပြစ်မှုမှတ်တမ်းတွင် စာရင်းဝင်သူ မဟုတ်ခြင်း၊

(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်းနှင့် ကူးစက်ရောဂါကင်းရှင်းကြောင်း သက်ဆိုင်ရာနိုင်ငံ၏ တရားဝင်ထောက်ခံချက်မူရင်း တင်ပြနိုင်သူဖြစ်ခြင်း၊

(ဈ) မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာနိုင်ပြီး နိုင်ငံ၏ အကျိုးစီးပွားအတွက် အလေးထားလိုလားသူ၊ ကူညီပံ့ပိုးဆောင်ရွက်မည့်သူဖြစ်ကြောင်း ဝန်ခံချက်ပေးသူဖြစ်ခြင်း၊

(ည) အကောင်အထည်ဖော်ရေးဗဟိုကော်မတီက အကြောင်းကြားသည့်အခါ လျှောက်ထားသူကိုယ်တိုင် လာရောက်၍ အစစ်ဆေးခံနိုင်သူဖြစ်ခြင်း။

၆။　မြန်မာနိုင်ငံသားနှင့်ဆက်စပ်သူ နိုင်ငံခြားသားများသည် အောက်ပါအချက်များနှင့်ညီညွတ်လျှင် သက်ဆိုင်ရာ မြန်မာနိုင်ငံသားက တာဝန်ယူ၍ အမြဲနေထိုင်ခွင့် လျှောက်ထားခွင့်ရှိသည် -

(က) မြန်မာဓလေ့ထုံးတမ်းဥပဒေ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် မြန်မာနိုင်ငံသားများ၏လက်ထပ်ထိမ်းမြားခြင်းနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသောနိုင်ငံခြားသား ဇနီး သို့မဟုတ် ခင်ပွန်းဖြစ်ခြင်းနှင့် ယင်းတို့က မွေးဖွားသော သို့မဟုတ် တရားဝင်မွေးစားသော အသက် ၁၈ နှစ်အောက် အိမ်ထောင်မပြုရသေးသည့် သားသမီးများဖြစ်ခြင်း၊

(ခ) မြန်မာနိုင်ငံသားဟောင်းဖြစ်ပါက အမြဲနေထိုင်ခွင့်မရမီ မြန်မာနိုင်ငံ၌ အခြေချနေထိုင်ခွင့်မရှိသည့် ဗီဇာအမျိုးအစားကို ကိုင်ဆောင်နေထိုင်သူ ဖြစ်ခြင်း၊

(ဂ) နိုင်ငံခြားသားဖြစ်ပါက အမြဲနေထိုင်ခွင့် လျှောက်ထားသည့်နေ့မတိုင်မီ ယင်းနေ့နှင့်တစ်ဆက်တည်းဖြစ်သော ၁၀ နှစ်အတွင်း အခြေချနေထိုင်ခွင့်မရှိသည့် ဗီဇာအမျိုးအစားကို ကိုင်ဆောင်၍ မြန်မာနိုင်ငံတွင် နှစ်နှစ်အောက်မနည်း စဉ်ဆက်မပြတ်ဝင်ထွက်သွားလာနေထိုင်ပြီး ယင်းသို့နေထိုင်စဉ် ပြည်ပသို့ထွက်ခွာပါက ပြည်ပ၌နေထိုင်သော ကာလသည် တစ်နှစ်အတွင်း တစ်ဆက်တည်း ရက်ပေါင်း ၉၀ ထက်မပိုခြင်း၊

(ဃ) အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်အဖြစ် သတ်မှတ်ခြင်းခံရသူ မဟုတ်ခြင်း၊

(င) နိုင်ငံတစ်ခုခု၌ နိုင်ငံရေးခိုလှုံခွင့် ရရှိနေထိုင်သူ မဟုတ်ခြင်း၊

(စ) ပြည်တွင်း၊ ပြည်ပ သို့မဟုတ် နိုင်ငံတကာပြစ်မှုမှတ်တမ်းတွင် စာရင်းဝင်သူမဟုတ်ခြင်း၊

(ဆ) ကျန်းမာရေးကောင်းမွန်ကြောင်းနှင့် ကူးစက်ရောဂါကင်းရှင်းကြောင်း သက်ဆိုင်ရာနိုင်ငံ၏ တရားဝင်ထောက်ခံချက်မူရင်း တင်ပြနိုင်သူဖြစ်ခြင်း၊

(ဇ) မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာနိုင်ပြီး နိုင်ငံ၏အကျိုးစီးပွားအတွက် အလေးထားလိုလားသူ၊ ကူညီပံ့ပိုးဆောင်ရွက်မည့်သူဖြစ်ကြောင်း ဝန်ခံချက်ပေးသူဖြစ်ခြင်း၊

(ဈ) အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက အကြောင်းကြားသည့်အခါ လျှောက်ထားသူကိုယ်တိုင် လာရောက်၍ အစစ်ဆေးခံနိုင်သူဖြစ်ခြင်း။

၇။　နည်းဥပဒေ ၆ (က) အရ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသော နိုင်ငံခြားသားဇနီး သို့မဟုတ် ခင်ပွန်းသည် တရားဝင်အိမ်ထောင်သက် အနည်းဆုံး နှစ်နှစ်ရှိရမည်ဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံသား တရားဝင် ဇနီး သို့မဟုတ် ခင်ပွန်းမှတစ်ပါး အခြားဇနီး သို့မဟုတ် ခင်ပွန်းမရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်ပြုရမည်။

၈။　နည်းဥပဒေ ၆ (က) တွင် ပါဝင်သူများအတွက် အမြဲနေထိုင်ခွင့် လျှောက်ထားရာတွင် ခွင့်ပြုချက်မရရှိမီ တာဝန်ခံလျှောက်ထားသူ မြန်မာနိုင်ငံသားသည် အောက်ပါဖြစ်စဉ်များ ပေါ်ပေါက်ပါက အမြဲနေထိုင်ခွင့် လျှောက်ထားမှု ပျက်ပြယ်စေရမည် -

(က) သေဆုံးခြင်း၊

(ခ) နိုင်ငံသားအဖြစ်မှ ရပ်စဲ သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ဂ) အမြဲနေထိုင်ခွင့် ရရှိလိုသူအား တရားဝင် ဇနီး သို့မဟုတ် ခင်ပွန်းအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း၊

(ဃ) အမြဲနေထိုင်ခွင့် ရရှိလိုသူအား တရားဝင် သားသမီး အဖြစ်မှ စွန့်လွှတ်ခြင်း။

## အခန်း (၃)
## အမြဲနေထိုင်ခွင့် လျှောက်ထားခြင်း

၉။　ဤနည်းဥပဒေများ အရ အမြဲနေထိုင်ခွင့် လျှောက်ထားသူသည် အောက်ပါစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဌာနစိတ်တွင် အမြဲနေထိုင်ခွင့် လျှောက်ထားသူကိုယ်တိုင် လျှောက်ထားရမည် -

(က) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုရန် လျှောက်လွှာပုံစံ အမန-၁၊

(ခ) လွန်ခဲ့သောခြောက်လအတွင်းက ရိုက်ကူးထားသည့် တစ်ဒသမငါး လက်မ × နှစ်လက်မအရွယ် ရောင်စုံဓာတ်ပုံ သုံးပုံ၊

(ဂ) သက်တမ်းရှိသော တရားဝင် နိုင်ငံကူးလက်မှတ်နှင့် ခရီးသွားစာရွက်စာတမ်း အထောက်အထား မူရင်းနှင့် မိတ္တူ (တစ်မျိုးထက်ပိုသော နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားပါက ယင်းနိုင်ငံကူး လက်မှတ်မူရင်းနှင့် မိတ္တူတို့ကို ပူးတွဲဖော်ပြရန်)၊

(ဃ) အမြဲနေခွင့် လျှောက်ထားသူ၏ မူရင်းနိုင်ငံမှ နိုင်ငံသားဖြစ်ကြောင်း ခိုင်လုံသော အသိအမှတ်ပြု အထောက်အထား၊

(င) အနည်းဆုံး တစ်နှစ် သက်တမ်းနှင့်အထက်ရှိသည့် အလုပ်ခန့်စာ သို့မဟုတ် ခွင့်ပြုဖိတ်ခေါ်စာ၊

(စ) ကျွမ်းကျင်ပညာရှင်များအတွက် ပညာအရည်အချင်းနှင့်ပတ်သက်၍ တရားဝင်အသိအမှတ်ပြု အထောက်အထားလက်မှတ်များနှင့် လျှောက်ထားသည့် လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်အတွေ့အကြုံ လုပ်သက်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ခိုင်လုံသောတရားဝင်ထောက်ခံစာများ၊

(ဆ) အမြဲနေထိုင်ခွင့်လျှောက်ထားသူနှင့်အတူ လိုက်ပါနေထိုင်မည့် ဇနီး သို့မဟုတ် ခင်ပွန်းနှင့် အသက် ၁၈ နှစ်အောက် အိမ်ထောင်မပြုရသေးသည့် တရားဝင် သားသမီးများပါရှိပါက -

(၁) အိမ်ထောင်စုလူဦးရေစာရင်းမှတ်တမ်း၊

(၂) မိသားစုဝင်များ၏ အမည်၊ အသက်၊ အလုပ်အကိုင် စသည့် ကိုယ်ရေးအချက်အလက်၊

(၃) ဇနီး သို့မဟုတ် ခင်ပွန်းအတွက် တရားဝင်လက်ထပ်စာချုပ် မူရင်းနှင့်မိတ္တူ၊

(၄) အသက် ၁၈ နှစ်အောက် သားသမီးများအတွက် သက်ဆိုင်ရာအစိုးရက အသိအမှတ်ပြု အင်္ဂလိပ်ဘာသာပြန်ဆိုထားသည့် မွေးစာရင်း သက်သေခံလက်မှတ်၊

(၅) အသက် ၁၈ နှစ်အောက် မွေးစားသားသမီးများအတွက် သက်ဆိုင်ရာအစိုးရက အသိအမှတ်ပြု အင်္ဂလိပ်ဘာသာပြန်ဆိုထားသည့် မွေးစားသောတရားဝင်အုပ်ထိန်းခွင့်သက်သေခံလက်မှတ်။

(ဇ) ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်လိုသူများနှင့် သက်ဆိုင်သည့် အောက်ပါလိုအပ်ချက်များ တင်ပြရမည် -

(၁) ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့် ကုမ္ပဏီမှတ်ပုံတင်အထောက်အထား၊

(၂) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအစီအစဉ်၊

(၃) အခြားနိုင်ငံများတွင် စီးပွားရေး လုပ်ငန်းများရှိပါက ကုမ္ပဏီ၏ သုံးနှစ်စာငွေစာရင်းအတွက် အထောက်အထားမှတ်တမ်း။

(ဈ) ကျွမ်းကျင်ပညာရှင် မဟုတ်သော ရင်းနှီးမြှုပ်နှံမှု မပြုလုပ်နိုင်သော နိုင်ငံတော်၏ ရေရှည်အကျိုး စီးပွားအတွက် အထောက်အကူပြုနိုင်သူ မြန်မာနိုင်ငံသားဟောင်းများအတွက် မြန်မာနိုင်ငံရှိ တာဝန်ယူအာမခံမည့် ပုဂ္ဂိုလ်၏ ကိုယ်ရေးအချက်အလက်နှင့် တာဝန်ခံချက်၊

(ည) မြန်မာနိုင်ငံသားနှင့် ဆက်စပ်သူနိုင်ငံခြားသား ဖြစ်ပါက -

(၁) နိုင်ငံခြားသားအတွက် ဆက်စပ်သူ မြန်မာနိုင်ငံသား၏ တာဝန်ခံလျှောက်ထားချက်၊

(၂) နိုင်ငံခြားသားသည် လက်ရှိ မြန်မာနိုင်ငံသားဇနီး သို့မဟုတ် ခင်ပွန်းမှတစ်ပါး အခြားဇနီး သို့မဟုတ် ခင်ပွန်းရှိသူမဟုတ်ကြောင်း ဝန်ခံချက်ကို ၎င်းနိုင်ငံခြားသား၏ သက်ဆိုင်ရာ အစိုးရ အသိအမှတ်ပြုသက်သေခံပိုင်ခွင့်ရှိသူက မှန်ကန်ကြောင်း အင်္ဂလိပ်ဘာသာပြန်ဆို ထားသည့် တရားဝင် အထောက်အထား။

၁၀။ နည်းဥပဒေ ၉ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် ဌာနစိတ်တာဝန်ခံအရာရှိက လိုအပ်သလို စိစစ်ဆောင်ရွက်၍ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်။

၁၁။ **အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ**သည် နည်းဥပဒေ ၁၀ အရ တင်ပြချက်ကိုလက်ခံရရှိလျှင် ဤနည်းဥပဒေများပါ သက်ဆိုင်ရာ သတ်မှတ်ချက်အထောက်အထားများနှင့် ပြည့်စုံညီညွတ်မှု ရှိ မရှိကို လည်းကောင်း၊ ဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိကိုလည်းကောင်း စိစစ်ပြီး -

(က) သတ်မှတ်ချက် အထောက်အထားများနှင့် ညီညွတ်ပြည့်စုံကြောင်း တွေ့ရလျှင် အမြဲနေထိုင်ခွင့်ပြုနိုင်ရေးအတွက် ထောက်ခံတင်ပြချက်နှင့်အတူ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်။

(ခ) သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း သို့မဟုတ် အထောက်အထားများ ပြည့်စုံခြင်းမရှိလျှင် လျှောက်ထားသူထံမှ လိုအပ်ချက်များကို တောင်းခံရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ တောင်းခံသော်လည်း လျှောက်ထားသူက လိုအပ်ချက်များပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိပါက ကျိုးကြောင်းဖော်ပြချက်နှင့်အတူအကောင်အထည်ဖော်ရေး ဗဟိုကော်မတီသို့ ကန့်ကွက်တင်ပြရမည်။

၁၂။ အကောင်အထည်ဖော်ရေးဗဟိုကော်မတီသည် နည်းဥပဒေ ၁၁ နည်းဥပဒေခွဲ (က) နှင့် (ဂ) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ -

(က) နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က) အရ တင်ပြချက်ဖြစ်လျှင် သက်ဆိုင်ရာလျှောက်ထားသူအား ခေါ်ယူတွေ့ဆုံ၍ လျှောက်ထားလွှာပါ အထောက်အထားများနှင့် တိုက်ဆိုင်မေးမြန်းစုံစမ်းပြီး အမြဲနေထိုင်ခွင့်ပြုရန်ဆုံးဖြတ်ပါက သက်ဆိုင်ရာအမြဲနေထိုင်ခွင့်လျှောက်ထားသူထံ အမြဲနေထိုင်ခွင့်ပြုကြောင်း စာဖြင့်အကြောင်းကြားရမည်။

(ခ) နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ဂ) အရ တင်ပြချက်ကို လက်ခံရရှိလျှင် တင်ပြချက်ကို စိစစ်ပြီး အမြဲနေထိုင်ခွင့်ခွင့်မပြုကြောင်းဆုံးဖြတ်၍ သက်ဆိုင်ရာ အမြဲနေထိုင်ခွင့် လျှောက်ထားသူထံ အမြဲနေထိုင်ခွင့် ခွင့်မပြုကြောင်း စာဖြင့်အကြောင်းကြားရမည်။

## အခန်း (၄)
## အမြဲနေထိုင်ခွင့် လက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်း

၁၃။ အမြဲနေထိုင်ခွင့်လျှောက်ထားသူသည် နည်းဥပဒေ ၁၂ (က) အရ အမြဲနေထိုင်ခွင့်ပြုကြောင်း အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ အကြောင်းကြားစာကို လက်ခံရရှိလျှင် အကြောင်းကြားသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဌာနစိတ်သို့လာရောက်၍ အမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ယူခွင့်ပြုပါရန် အောက်ပါ စာရွက်စာတမ်း အထောက်အထားများနှင့် အတူအမြဲနေထိုင်ခွင့် ရရှိသူကိုယ်တိုင် လျှောက်ထားရမည် -

(က) အမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ပေးရန် လျှောက်လွှာပုံစံအမန-၂၊

(ခ) သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်နှင့် ခရီးသွား စာရွက်စာတမ်းအထောက်အထားမူရင်းနှင့် မိတ္တူ၊ အမြဲနေခွင့်လျှောက်ထားသူ၏ မူရင်းနိုင်ငံမှ နိုင်ငံသားဖြစ်ကြောင်းခိုင်လုံသောအသိအမှတ်ပြု အထောက်အထား၊

(ဂ) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ အမြဲနေထိုင်ခွင့်ပြုကြောင်း ကာယကံရှင်သို့ အကြောင်းကြားစာမူရင်း၊

(ဃ) အမြဲနေခွင့် လျှောက်ထားသူနှင့်အတူ မိသားစုဝင်များပါရှိပါက အောက်ပါအထောက်အထားများ တင်ပြရမည် -

(၁) အိမ်ထောင်စုလူဦးရေစာရင်းမှတ်တမ်း၊

(၂) မိသားစုဝင်များ၏ အမည်၊ အသက်၊ အလုပ်အကိုင် စသည့် နောက်ကြောင်းရာဇဝင်၊

(၃) သားသမီးများအတွက် မွေးစာရင်းသက်သေခံလက်မှတ်၊

(၄) အသက် ၁၈ နှစ်အောက် မွေးစားသားသမီးများပါရှိပါက မွေးစားသောတရားဝင် အုပ်ထိန်းခွင့် သက်သေခံလက်မှတ်။

၁၄။ ဌာနစိတ် တာဝန်ခံအရာရှိသည် နည်းဥပဒေ ၁၃ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ အမြဲနေထိုင်ခွင့်ရရှိသူကို သတ်မှတ်အခကြေးငွေပေးသွင်းစေပြီး အမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ပေးရမည်။

၁၅။ အမြဲနေထိုင်ခွင့် လျှောက်ထားသူသည် အမြဲနေထိုင်ခွင့်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ယူခြင်းတို့ကို နည်းဥပဒေ ၁၃ အရ သတ်မှတ်ရက် ၆၀ အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက ထိုနေ့မှစ၍ ရက်ပေါင်း ၁၂၀ အတွင်း **အကောင်အထည်ဖော်ရေးဗဟိုကော်မတီ** သို့ ခိုင်လုံသောအကြောင်းပြချက်တင်ပြ၍ ဆောင်ရွက်ရမည်။

## အခန်း (၅)

## အမြဲနေထိုင်ခွင့် သက်တမ်းနှင့် နှစ်စဉ်သက်တမ်းအတည်ပြုမှတ်ပုံတင်ခြင်း

၁၆။ (က) အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသည် အမြဲနေထိုင်ခွင့်သက်တမ်းအဖြစ် ကနဦးငါးနှစ် ရရှိမည်ဖြစ်သည်။

(ခ) အမြဲနေထိုင်ခွင့်သက်တမ်း ကနဦးငါးနှစ်ပြည့်ပြီးပါက ထပ်မံ၍တစ်ကြိမ်လျှင် ငါးနှစ် သက်တမ်းတိုး လျှောက်ထားနိုင်သည်။

(ဂ) အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသည် နည်းဥပဒေခွဲ (က) ပါ အမြဲနေထိုင်ခွင့်သက်တမ်းကာလအတွင်း တစ်နှစ်လျှင်တစ်ကြိမ် လက်မှတ်သက်တမ်းအတည်ပြုမှတ်ပုံတင်ရန် တစ်နှစ်ပြည့်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အောက်ပါစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဌာနစိတ်သို့ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ ကိုယ်တိုင်လျှောက်ထားရမည် -

(၁) အမြဲနေထိုင်ခွင့်လက်မှတ်သက်တမ်း အတည်ပြုမှတ်ပုံတင်ရန် လျှောက်လွှာပုံစံ အမန-၃၊

(၂) သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်နှင့် ခရီးသွားစာရွက်စာတမ်းအထောက်အထားမူရင်းနှင့် မိတ္တူ၊ အမြဲနေခွင့်လျှောက်ထားသူ၏ မူရင်းနိုင်ငံမှ နိုင်ငံသားဖြစ်ကြောင်း ခိုင်လုံသောအသိအမှတ်ပြု အထောက်အထား၊

(၃) အမြဲနေထိုင်ခွင့်လက်မှတ်မူရင်းနှင့် မိတ္တူ၊

(၄) သက်ဆိုင်ရာဌာနမှ လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ပြုထားသည့် အထောက်အထား၊

(၅) ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်လိုသူများအတွက် တည်ဆဲဥပဒေနှင့်အညီ ထုတ်ပေးသည့် အခွန်ကင်းလွတ်ကြောင်း သက်သေခံလက်မှတ်နှင့် သက်တမ်းမကုန်သေးသော ကုမ္ပဏီမှတ်ပုံတင်မူရင်းနှင့်မိတ္တူများ။

(ဃ) ဌာနစိတ်တာဝန်ခံအရာရှိသည် နည်းဥပဒေခွဲ ၁၆ (ခ) အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ အမြဲနေထိုင်ခွင့်ရရှိသူကို သတ်မှတ်အခကြေးငွေပေးသွင်းစေပြီးအမြဲနေထိုင်ခွင့် လက်မှတ်သက်တမ်း အတည်ပြုမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးရမည်။

## အခန်း (၆)

## အမြဲနေထိုင်ခွင့် သက်တမ်းတိုး လျှောက်ထားခြင်း

၁၇။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသည် အမြဲနေထိုင်ခွင့် သက်တမ်းတိုးမြှင့်လျှောက်ထားလိုက သက်တမ်း ငါးနှစ်မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၉၀ အတွင်း အမြဲနေထိုင်ခွင့်သက်တမ်းတိုးခွင့်ပြုရန် လျှောက်လွှာပုံစံ အမန-၄ တွင် ပြည့်စုံစွာဖြည့်စွက်ပြီး၊ နည်းဥပဒေ ၉ ပါ ကနဦးလျှောက်ထားစဉ်က တင်ပြသည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူလုပ်ငန်းစဉ်အတိုင်း ဌာနစိတ်သို့ ၎င်းကိုယ်တိုင်လာရောက်လျှောက်ထားရမည်။

## အခန်း (၇)

## အမြဲနေထိုင်ခွင့် ရရှိသူအိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားခြင်း

၁၈။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသည် ယင်းအခြေချနေထိုင်မည့်ဒေသတွင် တည်ဆဲဥပဒေများနှင့် အညီ နေထိုင်နိုင်ရေးအတွက် အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးပါရန် အောက်ပါ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံးတွင် အမြဲနေထိုင်ခွင့် လက်မှတ်ရရှိသူကိုယ်တိုင် လျှောက်ထားရမည် -

(က) အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ယူခွင့်လျှောက်လွှာပုံစံ အမန-၅၊

(ခ) ကာယကံရှင်၏ နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူ၊

(ဂ) ကာယကံရှင်၏ အမြဲနေထိုင်ခွင့်လက်မှတ် မူရင်းနှင့် မိတ္တူ၊

(ဃ) အိမ်ထောင်စုတွင်ပါဝင်မည့် မိသားစုဝင်များ၏ ကိုယ်ရေးအချက်များ (အထောက်အထား မူရင်း/ မိတ္တူများ)

(င) မိမိ၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် နေထိုင်ကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(စ) အိမ်ငှားရမ်းနေထိုင်ပါက အိမ်ရှင်အိမ်ငှားစာချုပ်၊ အိမ်ဝယ်၍နေထိုင်ပါက အရောင်းအဝယ်စာချုပ် အထောက်အထား မူရင်းနှင့်မိတ္တူ။

## အခန်း (၈)

## အမြဲနေထိုင်ခွင့် လက်မှတ်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် မိတ္တူလျှောက်ထားခြင်း

၁၉။ အမြဲနေထိုင်ခွင့်ရရှိသူသည် အမြဲနေထိုင်ခွင့်လက်မှတ်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်ပေါ် ပါက ယင်းသို့ ဖြစ်ပေါ်ချိန်မှ ၇၂ နာရီအတွင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးသို့ သတင်းပို့ပြီး ထိုမှတစ်ဆင့် အောက်ပါအထောက်အထားများနှင့်အတူ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ စခန်းနှင့် မြို့နယ်ဦးစီးဌာနမှူးရုံးသို့ အမြဲနေထိုင်ခွင့်လက်မှတ် ပျောက်ဆုံး သို့မဟုတ် ပျက်စီးသူကိုယ်တိုင် သွားရောက်တိုင်ကြားရမည် -

(က) ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် မိတ္တူထုတ်ပေးရန်ကိုယ်တိုင်ရေးလျှောက်လွှာမူရင်းနှင့် မိတ္တူ၊

(ခ) လွန်ခဲ့သော ခြောက်လအတွင်းက ရိုက်ကူးထားသည့် တစ်ဒသမငါးလက်မ × နှစ်လက်မအရွယ်ရှိ ရောင်စုံဓာတ်ပုံ ငါးပုံ၊

(ဂ) ပျောက်ဆုံး သို့မဟုတ် ပျက်စီးသည့် အမြဲနေထိုင်ခွင့်လက်မှတ်အမှတ်နှင့် ရက်စွဲ၊

(ဃ) သက်တမ်းရှိသော နိုင်ငံကူးလက်မှတ် မူရင်းနှင့်မိတ္တူ၊

(င) အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့် မိတ္တူ၊

(စ) အမြဲနေထိုင်ခွင့်လက်မှတ်ပျောက်ဆုံးခြင်းအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်။

၂၀။ အမြဲနေထိုင်ခွင့်ရရှိသူသည် နည်းဥပဒေ ၁၉ အရ တိုင်ကြားပြီးကြောင်း အထောက်အထားများနှင့် အတူ အမြဲနေထိုင်ခွင့်လက်မှတ် ပျောက်ဆုံးပျက်စီးခြင်းအတွက် မိတ္တူထုတ်ယူခွင့်လျှောက်လွှာပုံစံ အမန-၆ ကို ပြည့်စုံစွာ ဖြည့်စွက်၍ အမြဲနေထိုင်ခွင့်လက်မှတ် မိတ္တူထုတ်ယူခွင့်ပြုပါရန် ဌာနစိတ်တွင် ၎င်းကိုယ်တိုင် လျှောက်ထားရမည်။

၂၁။ ဌာနစိတ်သည် အပိုဒ် ၂၀ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်သောအထောက်အထားများကို စိစစ်ပြီး ဝန်ကြီးဌာနမှထုတ်ပြန်ထားသည့်အမိန့်၊ ညွှန်ကြားချက်များနှင့်အညီစိစစ်၍ အမြဲနေထိုင်ခွင့်လက်မှတ်မိတ္တူလျှောက်ထားသူအား သတ်မှတ်အခကြေးငွေပေးဆောင်စေပြီး မိတ္တူထုတ်ပေးနိုင်သည်။

## အခန်း (၉)

## အမြဲနေထိုင်ခွင့် လက်မှတ်ရရှိသူ၏ ကိုယ်ရေးဖြစ်စဉ်ပြောင်းလဲခြင်းဆိုင်ရာဆောင်ရွက်ရမည့်အချက်များ

၂၂။ (က) အမြဲနေထိုင်ခွင့်ဖြင့် နေထိုင်စဉ်ကာလအတွင်း အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူနှင့် သက်ဆိုင်သည့် နိုင်ငံကူးလက်မှတ်အမှတ်၊ ပညာအရည်အချင်း သို့မဟုတ် အိမ်ထောင်ရေး အခြေအနေပြောင်းလဲမှု ဖြစ်စဉ်များရှိလျှင် ပြောင်းလဲမှုရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ ကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ကိုယ်စား တာဝန်ခံဆောင်ရွက်သူကဖြစ်စေ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ဦးစွာလျှောက်ထားရမည်။

(ခ) နည်းဥပဒေခွဲ (က) နှင့်အညီ လျှောက်ထားချက်အရ မြို့နယ်ဦးစီးဌာနမှူးရုံးက ထုတ်ပေးသောထောက်ခံချက်နှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများ တင်ပြရမည် -

(၁) အမြဲနေထိုင်ခွင့်ရရှိသူ၏ ကိုယ်ရေးဖြစ်စဉ်ပြောင်းလဲခြင်းလျှောက်လွှာပုံစံအမန-၇၊

(၂) အမြဲနေထိုင်ခွင့်လက်မှတ် မူရင်းနှင့် မိတ္တူ၊

(၃) နိုင်ငံကူးလက်မှတ် မူရင်းနှင့်မိတ္တူ၊

(၄) အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းနှင့်မိတ္တူ၊

(၅) ဖြစ်စဉ်အကြောင်းအရာပြောင်းလဲခြင်းနှင့် စပ်လျဉ်းသည့် တရားဝင်အထောက်အထားမူရင်းနှင့်မိတ္တူများ (နိုင်ငံကူးလက်မှတ်၊ ဘွဲ့လက်မှတ်၊ လက်ထပ်စာချုပ်စသည်)။

(ဂ) ဌာနစိတ်သည် နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သက်ဆိုင်ရာအမိန့်၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်၍ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ၏ ကိုယ်ရေးဖြစ်စဉ် ပြောင်းလဲမှုကို လက်ခံဆောင်ရွက်ရမည်။

## အခန်း (၁၀)

## မြန်မာနိုင်ငံအတွင်း ကလေးမွေးဖွားခြင်း သို့မဟုတ် ကလေးသေဆုံးခြင်းဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များ

၂၃။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ မိဘတစ်ဦးဦးသည် မြန်မာနိုင်ငံအတွင်း ကလေးမွေးဖွားခြင်းအတွက် -

(က) မြန်မာနိုင်ငံအတွင်း ကလေးမွေးဖွားကြောင်း မှတ်ပုံတင်ပေးနိုင်ရေးအတွက် ကလေးမွေးဖွားသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်အကြောင်းကြားရမည်။ ထိုမှတစ်ဆင့် ကလေးမွေးဖွားသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပြည့်စုံမှန်ကန်စွာဖြည့်စွက်ထားသည့် ပုံစံအမန-၇ နှင့်အတူ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးရုံးတွင် ဖြစ်စဉ်ပြောင်းလဲမှု လျှောက်ထားရမည်။

(ခ) မွေးဖွားသောကလေးအမည်စာရင်းကို ရေးသွင်းနိုင်ရန် မိဘ၏ အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့်မိတ္တူကို ပူးတွဲတင်ပြရမည်။

(ဂ) သက်တမ်းရှိသော အမြဲနေထိုင်ခွင့်လက်မှတ် သို့မဟုတ် မိဘတစ်ဦးဦး၏ နိုင်ငံသားလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ဧည့်နိုင်ငံသားလက်မှတ်၊ ဧည့်နိုင်ငံသား စိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံသားပြုခွင့်စိစစ်ရေးကတ်ပြား သို့မဟုတ် အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား မူရင်းနှင့်မိတ္တူတို့ ပါရှိရမည်။

(ဃ) အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူမိဘ၏ သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူတို့ပါရှိရမည်။

(င) မွေးဖွားကြောင်း အထောက်အထား လက်မှတ် သို့မဟုတ် ကလေးဖွားစာရင်းမူရင်းနှင့်မိတ္တူတို့ကို တင်ပြရမည်။

၂၄။ (က) နည်းဥပဒေ ၂၃ အရ လျှောက်ထားချက်သည် ဝန်ကြီးဌာန၏ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ ပြည့်စုံမှန်ကန်ခြင်း ရှိ မရှိကို သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးရုံးကစိစစ်ပြီး အမြဲနေထိုင်ခွင့် လက်မှတ်တွင် ကလေးအမည်ဖြည့်စွက်ခွင့်ပြုရေးအတွက် ဦးစီးဌာနသို့တင်ပြရမည်။

(ခ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (က) အရ မြို့နယ်ဦးစီးဌာနမှူးရုံး၏တင်ပြချက်ကို လက်ခံရရှိလျှင် အမြဲနေထိုင်ခွင့်လက်မှတ်တွင် ကလေးအမည်ကို ဖြည့်စွက်ပြီး မြို့နယ်ဦးစီးဌာနမှူးရုံးမှတစ်ဆင့် သက်ဆိုင်ရာလျှောက်ထားသူထံ ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်ချက်ကို အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၂၅။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူမိဘတစ်ဦးဦးသည် -

(က) မြန်မာနိုင်ငံအတွင်း ကလေးသေဆုံးကြောင်း မှတ်ပုံတင်ပေးနိုင်ရေးအတွက် ကလေးသေဆုံးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်အကြောင်းကြားရမည်။ ကလေးသေဆုံးသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ထားသည့် ပုံစံအမန-၇ နှင့်အတူ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံးတွင် ဖြစ်စဉ်ပြောင်းလဲမှု မှတ်ပုံတင်ရန် လျှောက်ထားရမည်။

(ခ) သေဆုံးသောကလေးအမည်စာရင်းကို ပယ်ဖျက်နိုင်ရန် အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူမိဘ၏ အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့်မိတ္တူကို ပူးတွဲတင်ပြရမည်။

(ဂ) မိဘ၏သက်တမ်းရှိသော အမြဲနေထိုင်ခွင့်လက်မှတ် သို့မဟုတ် မိဘတစ်ဦးဦး၏ နိုင်ငံသားလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ဧည့်နိုင်ငံသားလက်မှတ်၊ ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံသားပြုခွင့် လက်မှတ်၊ နိုင်ငံသားပြုခွင့်စိစစ်ရေးကတ်ပြား သို့မဟုတ် အမျိုးသား မှတ်ပုံတင်သက်သေခံကတ်ပြားမူရင်းနှင့် မိတ္တူပါရှိရမည်။

(ဃ) သေဆုံးသော ကလေးအမည်ပါရှိသော နိုင်ငံကူးလက်မှတ် သို့မဟုတ် မိဘတစ်ဦးဦး၏ သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူတို့ပါရှိရမည်။

(င) ကလေးသေဆုံးကြောင်း အထောက်အထားလက်မှတ် သို့မဟုတ် သေဆုံးစာရင်းမူရင်းနှင့် မိတ္တူတို့ တင်ပြရမည်။

၂၆။ (က) နည်းဥပဒေ ၂၅ အရ လျှောက်ထားချက်သည် ဝန်ကြီးဌာန၏အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ ပြည့်စုံမှန်ကန်ခြင်းရှိ/မရှိကို သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံးမှ စိစစ်ပြီး အမြဲနေထိုင်ခွင့် လက်မှတ် အိမ်ထောင်စုလူဦးရေစာရင်းတွင် ကလေးအမည် ပယ်ဖျက်ရေးအတွက် ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (က) အရ မြို့နယ်ဦးစီးဌာနမှူးရုံး၏တင်ပြချက်ကို လက်ခံရရှိလျှင် အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်းတွင် ကလေးအမည်ကိုပယ်ဖျက်ပြီး မြို့နယ် ဦးစီးဌာနမှူးရုံးမှတစ်ဆင့် သက်ဆိုင်ရာ လျှောက်ထားသူထံ ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်ချက်ကို အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

## အခန်း (၁၁)

## အမြဲနေထိုင်ခွင့်ရရှိသူ သေဆုံးခြင်းဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များ

၂၇။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသေဆုံးပါက သေဆုံးသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အနီးစပ်ဆုံး ဆွေမျိုး သို့မဟုတ် တာဝန်ခံဆောင်ရွက်သူက အောက်ပါစာရွက်စာတမ်းအထောက်အထားများနှင့်အတူ သေဆုံးသူကိုင်ဆောင်ခဲ့သော အမြဲနေထိုင်ခွင့်လက်မှတ်ကို သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံးမှတစ်ဆင့် ဌာနစိတ်သို့ ပြန်လည်အပ်နှံရမည် -

(က) အမြဲနေထိုင်ခွင့်လက်မှတ်ပြန်လည်အပ်နှံခြင်း လျှောက်လွှာပုံစံအမန-၈၊

(ခ) အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ နေထိုင်သော သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ၎င်းသေဆုံးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း သွားရောက်အကြောင်းကြား ထားသည့်စာမိတ္တူ၊

(ဂ) သေဆုံးသူ၏ အမြဲနေထိုင်ခွင့်လက်မှတ်မူရင်း၊

(ဃ) နိုင်ငံကူးလက်မှတ် မူရင်းနှင့်မိတ္တူ၊

(င) သေဆုံးကြောင်း အထောက်အထား လက်မှတ် သို့မဟုတ် သေစာရင်းမူရင်းနှင့်မိတ္တူ၊

(စ) သေဆုံးသူအမည်အား ပယ်ဖျက်ရန်အတွက် ၎င်းရရှိထားသော အမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းနှင့် မိတ္တူ။

## အခန်း (၁၂)

## အခကြေးငွေ သတ်မှတ်ချက်

၂၈။ အမြဲနေထိုင်ခွင့် လျှောက်ထားသူသည် ကနဦး အမြဲနေထိုင်ခွင့် လျှောက်ထားခြင်းအတွက် ပြန်လည် ထုတ်ယူ၍မရသည့် အမေရိကန်ဒေါ်လာ ၅၀၀ ကို ဌာနစိတ်တွင် ပေးသွင်းရမည်။

၂၉။ ဤနည်းဥပဒေ ၁၂ နည်းဥပဒေခွဲ (က) အရ အမြဲနေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာရရှိသူသည် နည်းဥပဒေ ၁၃ နှင့်အညီ အမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ယူခွင့်ပြုပါရန် ဌာနစိတ်သို့ လျှောက်ထား၍ နည်းဥပဒေ ၁၄ နှင့်အညီ အမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ယူရာတွင်လည်းကောင်း၊ နည်းဥပဒေ ၁၆ နှင့်အညီ အမြဲနေထိုင်ခွင့် လက်မှတ်သက်တမ်းအတည်ပြုမှတ်ပုံတင်ရာတွင်လည်းကောင်း အောက်ပါအတိုင်း အခကြေးငွေကို ပေးဆောင်ရမည် -

(က) နိုင်ငံခြားသားတစ်ဦးအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀၊

(ခ) မြန်မာနိုင်ငံသားဟောင်းတစ်ဦးအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၊

(ဂ) နည်းဥပဒေခွဲ (က) သို့မဟုတ် (ခ) ပါ ပုဂ္ဂိုလ်တို့နှင့်အတူ တစ်ပါတည်း အမြဲနေထိုင်ခွင့် လျှောက်ထားသည့် အသက် ခုနစ်နှစ်အထက်မှ ၁၈ နှစ်အထိ ယင်းတို့၏ တရားဝင်သားသမီး တစ်ဦးစီအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၊

ခြွင်းချက်။ နည်းဥပဒေခွဲ (က) သို့မဟုတ် (ခ) ပါ ပုဂ္ဂိုလ်တို့နှင့်အတူ တစ်ပါတည်း အမြဲနေထိုင်ခွင့် လျှောက်ထားသည့် ယင်းတို့၏ တရားဝင်သားသမီးသည် အသက် ခုနစ်နှစ်နှင့်အောက် ဖြစ်ပါက အခမဲ့နေထိုင်ခွင့်ပြုသည်။

၃၀။ နည်းဥပဒေ ၁၆ နှင့်အညီ တစ်နှစ်သက်တမ်းကုန်ဆုံးပြီး၊ ရက်ပေါင်း ၃၀ အတွင်း သက်တမ်းအတည်ပြု မှတ်ပုံတင်ခြင်းမပြုဘဲ ရက်ပေါင်း ၃၀ ကျော်လွန်ပြီး ရက်ပေါင်း ၉၀ အတွင်း မှတ်ပုံတင်ခြင်းပြုလျှင် ဒဏ်ကြေးငွေ အဖြစ် အမေရိကန်ဒေါ်လာ ၂၀၀ ကိုလည်းကောင်း၊ ရက်ပေါင်း ၉၀ ကျော်လွန်ပြီး ၁၈၀ အတွင်း သက်တမ်း အတည်ပြုမှတ်ပုံတင်ခြင်းပြုလျှင် ဒဏ်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀ ကိုလည်းကောင်း ပေးဆောင် ရမည်။

၃၁။ နည်းဥပဒေ ၁၉၊ ၂၀ တို့နှင့်အညီ အမြဲနေထိုင်ခွင့်လက်မှတ် ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်း အတွက် အမြဲနေထိုင်ခွင့်လက်မှတ် မိတ္တူထုတ်ပေးရန် လျှောက်ထားချက်အရ အမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ပေးရလျှင် ပျောက်ပျက်မိတ္တူထုတ်ပေးခအဖြစ် လျှောက်ထားသူက အမေရိကန်ဒေါ်လာ ၃၀၀ ပေးဆောင်ရမည်။

၃၂။ အမြဲနေထိုင်ခွင့် လျှောက်ထားခြင်း၊ ထုတ်ယူခြင်း၊ အမြဲနေထိုင်ခွင့်လက်မှတ် သက်တမ်းနှစ်စဉ် အတည်ပြုမှတ်ပုံတင်ခြင်း၊ သတ်မှတ်ဒဏ်ကြေးပေးဆောင်ခြင်းနှင့် အမြဲနေထိုင်ခွင့်လက်မှတ် ပျောက်ဆုံး ပျက်စီး၍ မိတ္တူထုတ်ယူခြင်းတို့အတွက် သတ်မှတ်အခကြေးငွေများကို ဌာနစိတ်တွင် သက်ဆိုင်ရာ လျှောက်ထားသူကိုယ်တိုင် ပေးဆောင်ရမည်။

## အခန်း (၁၃)
## အမြဲနေထိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေးများ

### တာဝန်များ

၃၃။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသည် -

(က) မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများကို လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံ အသီးသီး၏ ဥပဒေများကိုလည်းကောင်း လေးစားလိုက်နာ၍ ကောင်းမွန်စွာနေထိုင်ရမည်။

(ခ) မြန်မာနိုင်ငံအတွင်း ရရှိသည့် ဝင်ငွေအပေါ် တည်ဆဲအခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ပေးဆောင်ရမည်။

(ဂ) အမြဲနေထိုင်ခွင့်သက်တမ်းငါးနှစ်အတွင်း မြန်မာနိုင်ငံပြင်ပတွင် တစ်နှစ်နှင့်အထက်တစ်ဆက်တည်း နေထိုင်လိုပါက ခိုင်လုံသောအကြောင်းပြချက် တင်ပြ၍ခွင့်ပြုချက်ရယူရမည်။

(ဃ) အမြဲနေထိုင်ခွင့်ရရှိသူအိမ်ထောင်စုလူဦးရေစာရင်းရရှိရေးအတွက် အခြေချနေထိုင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံးတွင် နည်းဥပဒေ ၁၈ နှင့်အညီ လျှောက်ထား နေထိုင်ရမည်။

(င) အမြဲနေထိုင်ခွင့်လက်မှတ်ကို ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းမရှိစေရန် စနစ်တကျကိုင်ဆောင် ထိန်းသိမ်းရမည်။

### အခွင့်အရေးများ

၃၄။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသည် -

(က) မိမိအမည်ဖြင့်ဝယ်ယူထားသော စုပေါင်းပိုင်အဆောက်အအုံရှိ တိုက်ခန်းများကို တည်ဆဲဥပဒေ များနှင့်အညီ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ခ) မိမိအမည်ဖြင့် ဝယ်ယူထားသည့်စုပေါင်းပိုင်အဆောက်အအုံရှိတိုက်ခန်းတွင် သတ်မှတ်ချက်နှင့်အညီ အမြဲနေထိုင်ခွင့်ရရှိသူအိမ်ထောင်စု လူဦးရေစာရင်းပြုလုပ်နိုင်ရေးအတွက် မြို့နယ်ဦးစီးဌာနမှူးရုံးသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

(ဂ) မိမိနှင့် အောက်ပါအတိုင်းတော်စပ်သူများကိုအမြဲနေထိုင်ခွင့်ရရှိသူ အိမ်ထောင်စုလူဦးရေစာရင်းတွင် ထည့်သွင်းနိုင်ခွင့်နှင့် ၎င်းတို့သည် အမြဲနေထိုင်ခွင့်ရရှိသူမဟုတ်ပါက အခြေချနေထိုင်ခွင့်မရှိသော ဗီဇာဖြင့်နေထိုင်နိုင်ပြီး ဗီဇာသက်တမ်းတိုးမြှင့် လျှောက်ထား၍နေထိုင်ခွင့်ရှိသည် -

(၁) တရားဝင်ဇနီး သို့မဟုတ် ခင်ပွန်း၊

(၂) တရားဝင် မိဘများ၊

(၃) တရားဝင် သားသမီးများ။

(ဃ) အမြဲနေထိုင်ခွင့်လက်မှတ်သက်တမ်းမကုန်ဆုံးမီအချိန်ထိ အမြဲနေထိုင်ခွင့်လက်မှတ်နှင့်သက်ဆိုင်ရာ နိုင်ငံ၏ သက်တမ်းရှိသော တရားဝင်နိုင်ငံကူးလက်မှတ်တို့ကို ပူးတွဲကိုင်ဆောင်၍ မြန်မာနိုင်ငံအတွင်းသို့ အကြိမ်ကြိမ်ဝင်ထွက်ခွင့်ရှိသည်။

(င) မြန်မာနိုင်ငံသားဟောင်းဖြစ်ပါက အမြဲနေထိုင်ခွင့်လက်မှတ်ဖြင့် မြန်မာနိုင်ငံတွင် ငါးနှစ်နေထိုင်ပြီးချိန်တွင် နိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုလျှင် အခြားနိုင်ငံ၏ နိုင်ငံသားဖြစ်မှုကိုစွန့်လွှတ်မည်ဖြစ်ကြောင်း ဝန်ခံချက်နှင့်အတူ မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်ပေးရန် လျှောက်ထားခွင့်ရှိသည်။ မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်ခြင်းမခံရပါက အမြဲနေထိုင်ခွင့်လက်မှတ် အကျိုးခံစားခွင့်ကို ဆက်လက်ခံစားခွင့်ပြုရန် လျှောက်ထားနိုင်သည်။

(စ) အမြဲနေထိုင်ခွင့်လက်မှတ်ရရှိပြီး ရက်ပေါင်း ၉၀ အတွင်း မိမိ၏ကိုယ်ပိုင်သုံးပစ္စည်းများကို ပြည်ပမှ တင်သွင်းပါက အကောက်ခွန်ဦးစီးဌာန၏ တည်ဆဲအမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ အကောက်ခွန် ကင်းလွတ်ခွင့်ကို ခံစားခွင့်ရှိသည်။

(ဆ) နိုင်ငံတော်မှ တရားဝင် ထုတ်ပြန်ထားသော ကန့်သတ်နယ်မြေ သို့မဟုတ် တားမြစ်နယ်မြေများမှ တစ်ပါး အခြားနယ်မြေများသို့ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်အညီ သွားရောက်နေထိုင်အလုပ်လုပ်ကိုင်ခွင့်ရှိသည်။

(ဇ) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ မိမိအားခွင့်ပြုထားသည့် လုပ်ငန်းများ၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ဈ) မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံသားများနည်းတူ ကျန်းမာရေးဆိုင်ရာ ဆေးဝါးကုသခံပိုင်ခွင့်ရှိသည်။

(ည) ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ပညာသင်ယူခွင့်ရှိသည်။

## အခန်း (၁၄)
## တားမြစ်ချက်များနှင့် ကန့်သတ်ချက်များ

**တားမြစ်ချက်များ**

၃၅။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသည် -

(က) အမြဲနေထိုင်ခွင့်လက်မှတ်ကို မည်သူ့ကိုမျှ လွှဲပြောင်းခြင်း၊ အပ်နှံခြင်း၊ ကိုင်ဆောင်အသုံးပြုရန် ခွင့်ပြုခြင်း မပြုရ။

(ခ) အမြဲနေထိုင်ခွင့် လက်မှတ်ပေါ်တွင် ဖော်ပြထားသောအချက်များကို နည်းဥပဒေ ၂၂ အရမှတစ်ပါး ပြုပြင်ပြောင်းလဲခြင်း၊ တစ်စုံတစ်ရာပြင်ဆင်ရေးသားခြင်းနှင့် ဖြည့်စွက်ခြင်းမပြုရ။

(ဂ) စစ်ဆေးရေးအရာရှိက ယင်း၏တာဝန်ဝတ္တရားအရ အမြဲနေထိုင်ခွင့်လက်မှတ်နှင့် အခြားလိုအပ်ချက်များ၊ စာရွက်စာတမ်း အထောက်အထားများကို စစ်ဆေးရန် တောင်းဆိုသည့်အခါတွင် ငြင်းဆိုခြင်းမပြုရ။

**ကန့်သတ်ချက်များ**

၃၆။ အမြဲနေထိုင်ခွင့်လက်မှတ် ရရှိသူသည် -

(က) လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ ပြည်သူမှ ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း ရွေးချယ်ခံပိုင်ခွင့်မရှိစေရ။

(ခ) မဲဆန္ဒနယ်မြေများတွင် လွှတ်တော်တစ်ရပ်ရပ်အတွက် ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ။

(ဂ) နိုင်ငံတော်အစိုးရ၏ လုပ်ငန်းများတွင် နိုင်ငံတော်ဘဏ္ဍာငွေရယူခံစားသည့် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့် မရှိစေရ။

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ရေတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

အမှတ်စဉ် ၅/၂၀၁၄ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၄ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ရေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဇွန်လ (၂၄) ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ရေ)**

**စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုဌာနခွဲ**

| | | | |
|---|---|---|---|
| (၁) | တင်ညွန့် | ရေ | ၅၀၉၇ |

### (လေတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် )

အမှတ်စဉ် ၆/၂၀၁၄ ။ ။ အောက်ပါဗိုလ်လောင်းများအား တပ်မတော် (လေ) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (လေ)**

**အုပ်ချုပ်မှုဌာနခွဲ**

| | | | |
|---|---|---|---|
| (၁) | ဒေါ်ဆုဝါခိုင် | လေ | ၄၀၂၆ |
| (၂) | ဒေါ်ရွှေယမုံမောင်အေး | လေ | ၄၀၂၇ |
| (၃) | ဒေါ်နီလာမြင့် | လေ | ၄၀၂၈ |

## (ရေတပ်ဌာနခွဲ)

အမှတ်စဉ် ၉/၂၀၁၄ ။ ။ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၊ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁) တွင် တက်ရောက်အောင်မြင်ခဲ့ကြသော အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ရေ)**
**စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုဌာနခွဲ**

| | | | |
|---|---|---|---|
| (၁) | ဒေါ်နန်းမေသကြ်န်ဦး | ရေ | ၅၀၉၉ |
| (၂) | ဒေါ်ဆုမွန်ဦး | ရေ | ၅၁၀၀ |
| (၃) | ဒေါ်ခင်သူဇာအောင် | ရေ | ၅၁၀၁ |
| (၄) | ဒေါ်ချောစုနွယ် | ရေ | ၅၁၀၂ |
| (၅) | ဒေါ်မိုမိုဟန် | ရေ | ၅၁၀၃ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## သစ်တောဦးစီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၂ ရက် )

အမှတ် ၅၁၁ ။ ။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၁/၂၀၁၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၃) (၆၅၄/၂၀၁၄) တို့အရ သစ်တောဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးအား သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး/ပါမောက္ခ လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ရာထူးနေရာများသို့ ညွှန်ကြားရေးမှူး အလုပ်တာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်ပြီး အမည်နှင့်ယှဉ်တွဲပါ အတိုင်း နေရာချထားလိုက်သည် -

| စဉ် | အမည် | မှ | သို့ |
|---|---|---|---|
| ၁ | ဦးသိန်းမြင့် (၁) | မြန်မာနိုင်ငံသစ်တောကျောင်း | ချင်းပြည်နယ် |
| ၂ | ဦးမျိုးမင်း | ဦးစီးရုံးချုပ်၊ သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်းဌာန | ကယားပြည်နယ် |

အမှတ် ၅၁၂ ။ ။ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀၆) ကို ပယ်ဖျက်လိုက်သည်။

(၁၄) ရက်အတွင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် ( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**"လေနှင့် ပင်လယ် ကုမ္ပဏီလီမိတက်"**

**''Air & Sea Company Limited"**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၆ (၁) အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **"လေ နှင့် ပင်လယ် ကုမ္ပဏီလီမိတက်"** အား (၆. ၁. ၂၀၁၅) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်ခင်စောယု (B.com Q, C.P.A) အမှတ် (၃၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၆. ၂. ၂၀၁၅) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(ထင်လင်းပြည့်)
မန်နေးဂျင်းဒါရိုက်တာ
လေနှင့် ပင်လယ်ကုမ္ပဏီလီမိတက်
၏ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

(ခင်စောယု)
(B.com Q, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## အထွတ်အထိပ်စံအိမ်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်
## PINNACLE HOUSE SERVICES CO.,LTD.

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အထွတ်အထိပ်စံအိမ်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက် PINNACLE HOUSE SERVICES CO.,LTD.** အား (၈. ၁. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းစန်းဝင်း [B.com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့်ပေးသွင်းခြင်းများပြုလုပ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်သီရိ
မန်နေးဂျင်းဒါရိုက်တာ
အထွတ်အထိပ်စံအိမ်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်

ဒေါ်စန်းစန်းဝင်း
[B.com (Q), C.P.A]
အမှတ် (၂၉၂)၊ ဒုတိယလွှာ၊ ကုန်သည်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ကြယ်စင်ရွေ့လျားဝန်ဆောင်မှု ကုမ္ပဏီလီမိတက်
## STAR MOBILITY SERVICES CO.,LTD.

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ကြယ်စင်ရွေ့လျားဝန်ဆောင်မှု ကုမ္ပဏီလီမိတက် (STAR MOBILITY SERVICES CO.,LTD.)** အား (၃၁. ၁၂. ၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်မော်သိန်း
မန်နေးဂျင်းဒါရိုက်တာ
ကြယ်စင်ရွေ့လျားဝန်ဆောင်မှု ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## မြန်မာကာဗွန်သန့်စင်ရေး စိုက်ပျိုးနည်းပညာ လီမိတက်
## MYANMAR AGRI-TECH CARBON CAPITAL LIMITED

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **မြန်မာကာဗွန်သန့်စင်ရေးစိုက်ပျိုးနည်းပညာလီမိတက် (MYANMAR AGRI-TECH CARBON CAPITAL LIMITED)** အား (၃၁. ၁၂. ၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးလင်းမြိုင်
မန်နေးဂျင်းဒါရိုက်တာ
မြန်မာကာဗွန်သန့်စင်ရေး
စိုက်ပျိုးနည်းပညာ လီမိတက်

ဒေါ်အေးသီတာ
[B.com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## လေးဦးအဖွဲ့ ကုမ္ပဏီလီမိတက်
## GROUP OF FOUR COMPANY LIMITED

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **လေးဦးအဖွဲ့ ကုမ္ပဏီလီမိတက် (GROUP OF FOUR COMPANY LIMITED)** အား (၃၁. ၁၂. ၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးရန်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
လေးဦးအဖွဲ့ ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## Vantage Gems Company Limited

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ၊ ဖျက်သိမ်းမည့်ကြေညာချက်ကို **Vantage Gems Company Limited** သည် အစုရှင်များ၏ သဘောတူညီချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းတွင် (၂၂. ၈. ၂၀၁၄) ရက်နေ့၌ထည့်သွင်းပါဝင်ပြီးဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းတွင် (၉. ၁. ၂၀၁၅) ရက်နေ့၌ ကုမ္ပဏီဖျက်သိမ်းကြောင်းကြေညာချက်အား ထပ်မံထည့်သွင်း၍ အစုရှင်များ၏ နောက်ဆုံးအကြိမ်အစည်းအဝေးအား အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - ၉-၂-၂၀၁၅

အစည်းအဝေးကျင်းပမည့်အချိန် - (၁၀း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - အမှတ်-၉၆ စီ၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဦးစိုင်းသန်းအောင်
အုပ်ချုပ်မှုဒါရိုက်တာ

ဒေါ်ခင်ဝင်းရီ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## THIRI HINTHA CONSTRUCTION COMPANY LIMITED

ဖျက်သိမ်းရန်ကြေညာချက်

၁။ **THIRI HINTHA CONSTRUCTION COMPANY LIMITED** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၈-၁-၂၀၁၅) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ [B.Sc., H.G.P, M.A (Business Law), PG Dip in Law (အထက်တန်းရှေ့နေ)၊ [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးကျော်ဇော်မင်း
မန်နေးဂျင်းဒါရိုက်တာ
THIRI HINTHA CONSTRUCTION COMPANY LIMITED

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## **PAN MAGAIK TAW COMPANY LIMITED** ၏
## အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ **PAN MAGAIK TAW COMPANY LIMITED** ကို အစုရှင်များ၏ ဆန္ဒအရ အလို အလျောက် ဖျက်သိမ်းရန် (၁-၁-၂၀၁၅) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-(၅၂)၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြိုင် [၁၂/ကမတ (နိုင်) ၀၁၈၈၆၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးမြိုင် [B.com (A.A), C.P.A] ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးအောင်သူရ
မန်နေးဂျင်းဒါရိုက်တာ
ပန်းမဠ်တော်ကုမ္ပဏီလီမိတက်

ဦးမြိုင်
[B.com (A.A), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း-၅၁၃၅၆၁